# ကြေးမုံ The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့ (14-11-2013) (၇၆၆၄)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော် အစည်းအဝေး

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငွေပြည့်ကတ်များ ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပခဲ့ပြီး သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က မြန်မာတစ်နိုင်ငံလုံးက ကြည်ညိုလေးစားပြီး ကမ္ဘာကပါ လေးစားခံရသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံများဖြင့် ငွေစက္ကူများ၏တန်ဖိုးအသီးသီးတွင် ယခင်ခေတ်အဆက်ဆက်ကအတိုင်း ပြန်လည်အစားထိုးထုတ်ဝေပေးရန် ဤလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ *



## ပခန်းကြီးမြို့ဟောင်း ရှေးဟောင်းကျောင်းတော်ကြီးရောက် နိုင်ငံခြားခရီးသွားဧည့်သည်များ

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာအုပ်စု ပခန်းကြီးကျေးရွာရှိ ပခန်းကြီးမြို့ဟောင်းတွင် ၁၈၆၈ ခုနှစ်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းကျောင်းတော်ကြီးတည်ရှိရာသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လေ့လာကြကြောင်း သိရသည်။**(အပေါ်ပုံ)**

"ပုဂံ၊ ညောင်ဦး၊ ပခုက္ကူဘက်က နေလာရင် ခရီးမဝေးတော့ တစ်ဆက်တည်း ပခန်းကြီးမြို့ဟောင်းကို လာရောက်လေ့ရှိကြပါတယ်၊ ပခန်းကြီးမှာက ရှေးဟောင်းကျောင်းတော်ကြီးနဲ့ ပခန်းမြို့ဟောင်းရှေးဟောင်းသုတေသနပြတိုက်၊ ပခန်းစည်သူရှင်ဘုရားစတဲ့နေရာတွေကို နိုင်ငံခြားခရီးသွားဧည့်သည်တွေ လေ့လာကြတယ်။ ပခန်းမြို့ဟောင်းက ပခန်းဦးမင်းကျော် တည်ထောင်ခဲ့တဲ့ နေရာဖြစ်ပါတယ်။ ကုန်းဘောင်ခေတ် ပခန်းဦးမင်းကျော်က နန်းတော်ရာအဖြစ် ရည်ရွယ်ပြီး ပခန်းကျောင်းတော်ကြီးကိုတည်ဆောက်ရာမှာ ရှင်ဘုရင်သိတော်မူတာကြောင့် ဘုန်းတော်ကြီးကျောင်း တည်ဆောက်တာပါလို့ ပရိယာယ်စကား ဆိုခဲ့ရတယ်လို့ သမိုင်းစကားအရတော့ ဘိုးစဉ်ဘောင်ဆက် ပြောလာကြတယ်"ဟု ပခန်းကြီးကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ပခုက္ကူမြို့မှတစ်ဆင့် နိုင်ငံခြားခရီးသွားဧည့်သည်များသည် မော်တော်ယာဉ်ဖြင့် ပခန်းကြီးမြို့ဟောင်းသို့ လာရောက်လေ့လာကြပြီး တချို့ နိုင်ငံခြားခရီးသွားဧည့်သည်များသည် ရုံဖန်ရုံခါ စက်ဘီးစီးပြီး အဖွဲ့လိုက်အသွင်ဖြင့် ပခန်းကြီးမြို့သို့ လာရောက်လေ့လာကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည့် ကလေးမြို့

**ကလေး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သည် ချင်းတောင်၏တံခါးဝ၊ ကဘော်လွင်ပြင်၏မြို့တော်ဟုခေါ် ရလောက်အောင် အရာရာတိုးတက်အောင်မြင်နေပြီး လမ်းပန်းဆက်သွယ်ရေးကလည်း အစုံစုံရှိသည်။ ထိုအထဲတွင် ပြည်သူတို့အားကိုးသောလေကြောင်းခရီးစဉ်များကလည်း တနင်္ဂနွေနေ့မှလွဲ၍ ကျန်နေ့များတွင် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းပြည်ပခရီးသွားများသည် လေကြောင်းခရီးစဉ်ဖြင့် လိုက်ပါလာကာ ချင်းပြည်နယ်သို့ လေ့လာရေးခရီးများသွားရောက်ခြင်း၊ တမူး၊ မိုးရေးနယ်စပ်ဈေးများသို့ ဈေးဝယ်ထွက်ခြင်းများရှိလာသကဲ့သို့ နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့်လည်း ကလေးမြို့ကို လာရောက်လေ့လာစရာနေရာတစ်ခုအဖြစ် သတ်မှတ်ကာလာရောက်လည်ပတ်ကြသည်ကို တွေ့ရသည်။

"ကလေးမြို့လေဆိပ်၌မြန်မာ့လေကြောင်း၊ Air Bagan၊ ကမ္ဘောဇဆိုပြီး ဆင်းသက်ပါတယ်။ မြန်မာ့လေကြောင်းက သောကြာနဲ့ဗုဒ္ဓဟူးနေ့တွေမှာ ဆင်းသက်ပါတယ်၊ Air Bagan ကစနေ၊ တနင်္လာ၊ ဗုဒ္ဓဟူးနေ့တွေမှာဆင်းပါတယ်။ ကမ္ဘောဇကတော့ အင်္ဂါ၊ ကြာသပတေးနေ့တွေမှာ ဆင်းသက်ပါတယ်"ဟု လေကြောင်းဦးစီး ဌာနမှ ပြောပြသည်။

လေယာဉ်လက်မှတ်နှုန်းထားများအနေဖြင့် မြန်မာ့လေကြောင်းကိုစီးနင်းမည်ဆိုပါက မန္တလေး ၄၉၀၀၀ ကျပ်၊ ရန်ကုန် ၉၄၀၀၀ ကျပ်၊ Air Bagan ဆိုလျှင် မန္တလေး ၆၀၀၀၀ ကျပ်၊ ရန်ကုန် ၁၀၇၀၀၀ ကျပ်၊ ကမ္ဘောဇဆိုလျှင် မန္တလေး ၇၁၀၀၀ ကျပ်၊ ရန်ကုန် ၁၂၈၀၀၀ ကျပ်ပေးရကြောင်းသိရသည်။

**(လင်းလက်ကြယ်စင်)**

## မုန်တိုင်းသတင်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

ယနေ့ညနေ ၅နာရီခွဲအချိန်တိုင်း ထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် (အိန္ဒိယနိုင်ငံ) ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၃၅၀ ခန့်၊ (မြန်မာနိုင်ငံ) ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၄၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားမည်ဟုခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် **စာမျက်နှာ ၈ ကော်လံ ၄ သို့ ❑**






**ကြေးမုံ စာတည်းရှုထောင့်** **၁၄-၁၁-၂၀၁၃၊ ကြာသပတေးနေ့**

# နိုင်ငံသားသက်ကြီးရွယ်အို

"နိုင်ငံသားသက်ကြီးရွယ်အိုများကို Senior Citizenship အဖြစ် သတ်မှတ်ကာ ထိုက်သင့်သော သက်သာချောင်ချိမှုများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းကို နိုဝင်ဘာလ ၁၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက သက်ကြီးရွယ်အိုအခွင့်အရေးများဆိုင်ရာ ဥပဒေ(မူကြမ်း)ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုပါဥပဒေများ ပေါ်ပေါက်လာချိန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာချိန်တွင် ဝါရင့်နိုင်ငံသား Senior Citizenship ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း အဆိုပါ အမျိုးသားလွှတ်တော်အစည်းအဝေးမှ ကြားသိရသဖြင့် သက်ကြီးရွယ်အိုများအတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

သက်ကြီးရွယ်အိုဆိုသည်မှာ တစ်ချိန်သောကာလက မိသားစုအသိုက်အမြုံတွင်ဖြစ်စေ၊ လူမှုဘဝပတ်ဝန်းကျင်တွင်ဖြစ်စေ၊ လုပ်ငန်းနယ်ပယ်တစ်ခုတွင်ဖြစ်စေ၊ နိုင်ငံနှင့်ချီ၍ဖြစ်စေ သူ့အတိုင်းအတာနှင့်သူ အရေးပါ အရာရောက်ခဲ့ကြသူများ ဖြစ်ပါသည်။ နယ်ပယ်အသီးသီးတွင် သက်ကြီးပိုင်းအရွယ်လွန်ပြီး တာဝန်မှအနားယူလိုက်ချိန်တွင် အသုံးမဝင်တော့သည့် အပယ်ခံသက်ကြီးရွယ်အိုများအဖြစ် သတ်မှတ်ခံလိုက်ရသဖြင့် ထိုပုဂ္ဂိုလ်များမှာ စိတ်အားငယ်ဖွယ်ဖြစ်ကြပေလိမ့်မည်။

ထို့ကြောင့် အရွယ်လွန်သက်ကြီးရွယ်အိုများအား "နိုင်ငံသားသက်ကြီးရွယ်အိုများ" သို့မဟုတ် 'ဝါရင့် သက်ကြီးရွယ်အိုများ'အဖြစ် အမည်သညာသတ်မှတ်ကာ ၎င်းတို့အတွက် ထိုက်သင့်သော သက်သာချောင်ချိမှုများကို ဆောင်ရွက်ပေးမည့်အစီအစဉ်သည် အပယ်ခံသက်ကြီးရွယ်အိုများအတွက် အားတက်ဖွယ်ဖြစ်သည်။

လက်ရှိတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (မြန်မာနိုင်ငံ) တို့ပူးပေါင်း၍ ရပ်ရွာအခြေပြု သက်ကြီးသူချင်း ကူညီစောင့်ရေးအဖွဲ့များကို ရန်ကုန်၊ ဧရာဝတီ၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်နှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ် ၁၀ မြို့နယ်၊ ကျေးရွာ ၈၃ ရွာတို့၌ ဖွဲ့စည်းထားပြီး သက်ကြီးရွယ်အိုများ ဝင်ငွေရရှိရေးအတွက် သက်မွေးဝမ်းကျောင်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။

အလားတူ ကျေးရွာ ၅၅ ရွာတွင် သက်ကြီးသူများ အခြေခံကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ စိုက်ပျိုးရေးပညာသင်တန်း၊ အသေးစားစီးပွားရေးလုပ်ငန်း၊ မိုးရေသိုလှောင်ထိန်းသိမ်းသည့် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးနေသည်ဟု သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနကလည်း လူမှုရေးအရ စောင့်ရှောက်ပေးရန်လိုအပ်သော သက်ကြီးရွယ်အိုများအား နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်နေပြီး စောင့်ရှောက်မှုကင်းမဲ့နေသော သက်ကြီးရွယ်အိုအဘိုးအဘွားများကို လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များ ထူထောင်ထားသည့် ဘိုးဘွားရိပ်သာများတွင်လည်း စောင့်ရှောက်မှုပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ယနေ့သက်ကြီးရွယ်အိုများသည် တစ်ချိန်က အားထားရသောပုဂ္ဂိုလ်များဖြစ်သောကြောင့် အဆိုပါဝါရင့်နိုင်ငံသား သက်ကြီးရွယ်အိုများကို ပစ်ပယ်မထားဘဲ သက်ကြီးရွယ်အိုများ၏ လူမှုဘဝမြင့်မားတိုးတက်စေရန်အတွက် နိုင်ငံတော်နှင့် အဖွဲ့အစည်းများနှင့်အတူ ယနေ့အရာရောက်သူများအားလုံးက ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ॥

## မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၌ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော်  နိုဝင်ဘာ  ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်ရုံး ရှင်းလင်းဆောင်၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များနှင့် အထူးအဖွဲ့ကြီးများမှ တာဝန်ခံအင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆက်သွယ်သည့် လမ်း၊ တံတားသည် တိုးတက်ကောင်းမွန်ရေးနှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးပါသည့်အတွက် မိမိတို့တာဝန်ယူဆောင်ရွက်သော လမ်း၊ တံတားလုပ်ငန်းများ တိုးတက်အောင်မြင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဂန့်ဂေါ-ကလေးလမ်းပိုင်း၌ လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းချဲ့ခြင်း၊ တံတားများ Box Culvert များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ ပန်းမွန်ချောင်းတံတားကြံ့ခိုင်မှု၊ သာယာကုန်းတံတားနှင့် သာစည်တံတား တည်ဆောက်နေမှု၊ ပျက်စီးနေသော တံတားများ ပြန်လည်ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကလေးမြို့ ပြင်သာဆိပ်-ကလေးတက္ကသိုလ်လမ်းကို ကတ္တရာလမ်း တိုးချဲ့ခြင်းနှင့် မူလကတ္တရာလမ်းဟောင်းအား ကတ္တရာရေပိတ်လွှာလောင်းနေမှုနှင့် ကလေးတက္ကသိုလ် (၃) ထပ်စာသင်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို လှည့်လည်စစ်ဆေးသည်။

ထို့နောက် ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်ရှိ တံတားများ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ မိုင်တိုင် (၁၁/၇) နှင့် (၁၂/၀)ကြား ရေနံချောင်းတံတားသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကလေးဝ-ကျီကုန်း-တမူးလမ်းမိုင်တိုင် (၁၀/၂) နှင့် မိုင်တိုင် (၆/၄) တို့တွင်ကတ္တရာလမ်းသား နိမ့်ကျမှုကို ပြန်လည်ပြုပြင်နေမှု၊ မိုင်တိုင် (၄/၅)နှင့် (၄/၆)ကြား ဝါးရဲချောင်းတံတား အကြံ့အင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင် (၂/၂) နှင့် (၂/၃)ကြား ကွန်ကရစ်ရေထုတ်ပြွန်နှင့် မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုနှင့် မုံရွာ-ယာကြီး-ကလေးဝလမ်းတို့ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ရန်ကုန်  နိုဝင်ဘာ  ၁၃**

နိုဝင်ဘာ ၁၃ ရက် ရန်ကုန်ဆန်စျေးကွက်တွင် မိုးဆန်ကြမ်းအသစ် တစ်အိတ်လျှင် ကျပ် ၁၅၂၀၀ နှုန်းဝန်းကျင်၊ နှံ့ဆန်ဟောင်းတစ်အိတ်လျှင် ကျပ် ၁၉၃၀၀၊ ပေါ်ကွဲတစ်အိတ်လျှင် ကျပ် ၂၂၀၀၀၊ ပေါ်ဆန်းဆန်ဟောင်းတစ်အိတ်လျှင် ကျပ် ၂၄၀၀၀ မှ ကျပ် ၃၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၃၅၅၀၀၊ ပေါ်ဆန်းယဉ်အသစ်တစ်အိတ်လျှင် ကျပ် ၂၁၅၀၀ မှ ကျပ် ၂၆၅၀၀ အတွင်း ၂-၃-၄ ဆန်ကွဲအသေးတစ်အိတ် ကျပ် ၁၁၁၀၀ စျေးနှုန်းရှိကြောင်း ဆန်စျေးကွက်မှ သိရသည်။

ယခုနှစ်ကုန်အတွင်း ချိန်ခါမဲ့မိုးရွာသွန်းမှုများလာပြီး ရန်ကုန်မြို့ပေါ် နေရာအချို့တွင် မိုးရွာသွန်းမှု နိုဝင်ဘာ ၁၂ ရက် နေ့လယ်တွင်ရှိခဲ့ကြောင်း၊ ကောက်

## သုံးနှစ်တာကာလအတွင်း စပါးစျေးနှုန်းများမြင့်တက်

စောစပါးရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှု အချို့ရှိနေသော်လည်း ရိတ်သိမ်း၊ ခြွေလှေ့၊ အခြောက်ခံစက်များ အသုံးပြု၍ စပါးရိတ်သိမ်းမှုများရှိလာကြောင်း၊ ၂၀၁၂ နိုဝင်ဘာလဆန်းတွင် စပါးစျေးနှုန်း ကျပ် ၃၈၀၀၀၀ နှုန်း၊ ၂၀၁၁ နိုဝင်ဘာလဆန်းတွင် ကျပ် ၃၄၀၀၀၀ နှုန်း ရှိခဲ့ကြောင်း သုံးနှစ်တာကာလအတွင်း နိုဝင်ဘာလဆန်း စပါးကြမ်းအသစ်စျေးနှုန်းသည် ယခုနှစ်တွင်အမြင့်ဆုံးဖြစ်သည်ဟု ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

ယခုရက်ပိုင်း ပေါ်ဆန်းယဉ်အသစ်သာမက ကောက်ညှင်းဆန်အသစ်များပါ စျေးကွက်သို့ ဝင်ရောက်လာရာ တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ မှ ၂၆၀၀၀ အကြား စျေးနှုန်းရှိကြောင်း သိရသည်။

စပါးစိုက်ပျိုးရာတွင် တစ်ဧကအတွက် ကုန်ကျစရိတ်ကျပ် တစ်သိန်းရှစ်သောင်းဝန်းကျင် ခန့်မှန်းကုန်ကျမှုရှိပြီး စပါးအထွက်မှာ ပျမ်းမျှတင်း ၇၀ နှုန်းဖြင့် ယခုရက်ပိုင်း စပါးစျေးနှုန်းဖြင့် တွက်ချက်လျှင် အကျိုးအမြတ်ရှိလာကြောင်း၊ စပါးအပြီး ပဲမျိုးစုံစိုက်ပျိုးရန် မိုးရွာသွန်းမှုကြောင့် မြေအစိုဓာတ်များနေသဖြင့် ရက်အနည်းငယ်စောင့်ဆိုင်းနေရကြောင်း၊ ယခုရက်ပိုင်း ပဲနှမ်းနှင့် ပဲတီစိမ်းများကို စပါးအပြီးစိုက်ပျိုးရန် ပြင်ဆင်မှုရှိလာသည်ဟု စပါးစိုက်တောင်သူများက ဆိုသည်။

**(မောင်စေအောင်)**



### ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန်  နိုဝင်ဘာ  ၁၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေစျေး | ၆၇၅၈၀၀ | - | ၆၇၆၈၀၀ |
| မန္တလေး | ရွှေစျေး | ၆၇၅၃၀၀ | - | ၆၇၆၃၀၀ |

**စက်သုံးဆီစျေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၀၇. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၉. ၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၃၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၅. ၂၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၇၇. ၀၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၀. ၇၃၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၃. ၇၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၈. ၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း





# ဥပဒေပညာရပ်များကို စာပေတွင်မက လက်တွေ့နယ်ပယ်တွင် လေ့လာရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၁၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် PG Dip in Law(online) 1st Batch ကျောင်းသား ကျောင်းသူများအား ယနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရုံး (J) ဆောင်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင်း ဥပဒေပြုရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် အခြေခံရမည့်အချက်များနှင့် ဥပဒေပညာရပ်များကို စာပေတွင် သင်ကြားလေ့လာသည်သာမက လက်တွေ့နယ်ပယ်တွင် လေ့လာရန်လိုအပ်ကြောင်းတို့ကို ပြောကြားသည်။ **(သတင်းစဉ်)**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပါဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

၁၃၇၅ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အသက်(၈၀) နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့မြဲဖြစ်သည့်အတိုင်း ယခုနှစ်တွင်လည်း ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။ နိုဝင်ဘာ ၂၃ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံးအစည်းအဝေးခန်းမ၌ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။

သုတစာပေ၊ ရသစာပေများကိုရေးသား၍ နိုင်ငံအကျိုး၊ အများပြည်သူအကျိုးသယ်ပိုးဆောင်ရွက်ကြကုန်သော စာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား ထိုက်တန်စွာပူဇော်ကန်တော့နိုင်ရန်အတွက် စာပေကျေးဇူးကို အလေးအမြတ်ပြုကြကုန်သော စေတနာရှင်များအနေဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံဆက်သွယ်၍ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

| | |
|---|---|
| ဦးစိုးထိုက် | - ၀၁-၂၅၂၄၁၇၊ ၀၉-၄၂၁၁၄၆၉၇၈ |
| မြန်မာနိုင်ငံစာရေးဆရာအသင်း | |
| ဦးအောင်ကျော်ဦး | - ၀၁-၅၄၄၅၈၂၊ ၀၉-၇၃၀၀၆၄၈၁ |
| ညွှန်ကြားရေးမှူး | |
| မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာန | |
| ဦးအေးကြွယ် | - ၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇ |
| ညွှန်ကြားရေးမှူး(ငြိမ်း/ဆက်) | |

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် မလေးရှားတပ်မတော်ဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစား

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် မလေးရှားတပ်မတော် ဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။**(ယာပုံ)**

အဆိုပါချစ်ကြည်ရေးဘောလုံးပြိုင်ပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မလေးရှားတပ်မတော်မှ Major General Dato' Hi Khilr bin Hj Mohd Nor နှင့် အရာရှိကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်ခြောက်ခုမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲမစတင်မီ တပ်မတော်(ကြည်း) ဂုဏ်ပြုစစ်တီးဝိုင်းက အားကစားကွင်းအတွင်းသို့ စစ်ချီသီချင်းများ တီးမှုတ်ကာ ဝင်ရောက်နေရာယူပြီး ပုံဖော်ပြသကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် မလေးရှားတပ်မတော် ဘောလုံးအသင်းတို့က ဇေယျာသီရိတပ်မတော်အားကစားကွင်းအတွင်းသို့





ဝင်ရောက်နေရာယူကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဧည့်သည်များအား အလေးပြုကြသည်။

ယင်းနောက် တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့် မလေးရှားတပ်မတော်မှ Major General Dato' Hi Khilr bin Hj Mohd Nor တို့သည် နှစ်နိုင်ငံ အားကစားသမားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဇင်းနောက် နှစ်နိုင်ငံတပ်မတော်ဘောလုံးအသင်းမှ အားကစားသမားများအား မြန်မာအမျိုးသမီးငယ်လေးများက ဂုဏ်ပြုပန်းစည်းများပေးအပ်ကြပြီး နှစ်ဖက်အသင်းကစားသမားများက အပြန်အလှန်နှုတ်ဆက်ကြကာ အသင်းလိုက် စုပေါင်းဓာတ်ပုံရိုက်ကြ၍ အသင်းခေါင်းဆောင်များက နှစ်နိုင်ငံအလံများ လဲလှယ်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် မလေးရှားတပ်မတော် ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ကစားကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲမစတင်မီနှင့်ခေတ္တအနားပေးချိန်များတွင်လည်း မြဝတီတေးဂီတအဖွဲ့သားများက ပရိသတ်များအား သီဆိုဖျော်ဖြေဧည့်ခံခဲ့ကြသည်။

ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ဘောလုံးအသင်းက မလေးရှားတပ်မတော် ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကစားခဲ့သော မလေးရှားတပ်မတော်ဘောလုံးအသင်းသည် နိုဝင်ဘာ ၁၅ ရက်တွင် လည်း မြန်မာ့လက်ရွေးစင် (U-19) ဘောလုံးအသင်းနှင့်ချစ်ကြည်ရေး ဘောလုံး ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဥရောပသမဂ္ဂအဖွဲ့၊ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ဥရောပသမဂ္ဂအဖွဲ့၊ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ကျင်းပမည့် မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**
**(သတင်းစဉ်)**



## အသက်အာမခံကြေးငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ပုဂ္ဂလိကအာမခံ ကုမ္ပဏီတစ်ခုဖြစ်သည့် Capital Life အာမခံကုမ္ပဏီ၏ ပထမဆုံး အသက်အာမခံကြေးငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ အဆိုပါကုမ္ပဏီ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်အာမခံကြေးငွေပေးအပ်ပွဲတွင် Capital Life Insurance Ltd တွင် စုပေါင်းအသက်အာမခံပြုလုပ်ထားသည့် Myanmar Marketing Research & Development Co.,Ltd. (ရန်ကုန်လမ်းညွှန်)မှ ဝန်ထမ်းတစ်ဦး ဖြစ်သည့် ဦးဝင်းမင်းလတ် သေဆုံးမှုအတွက် အသက်အာမခံကြေး ငွေကျပ်၁၀ သိန်းအား သေဆုံးသူ၏ မိသားစုဝင်များထံသို့ အာမခံကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဦးရန်နိုင်က ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၆၄၉)**

သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



# ရုရှားနိုင်ငံ စစ်ရေယာဉ် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာ-ရုရှားနှစ်နိုင်ငံ ရေတပ်အချင်းချင်းသာမက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်စေရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်မှ စစ်ရေယာဉ် ASW Ship-Admiral Vinogradov သည် ဗိုလ်မှူးကြီး Captain Alexcy V Zlovlonozhko ဦးဆောင်၍ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းရှိ MITT ဆိပ်ခံတံတားသို့ ရောက်ရှိလာရာ သန်လျင်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းသိမ်းတင့်နှင့် သန်လျင်တပ်နယ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးများ၊ သံရုံးမှ တာဝန်ရှိသူများ၊ သန်လျင်တပ်နယ်မှ အရာရှိ စစ်သည်များနှင့် ဂုဏ်ပြုတပ်ဖွဲ့များက MITT ဆိပ်ကမ်း၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်မှူးချုပ်မင်းသိမ်းတင့် ဦးဆောင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်မှ ဧည့်သည်တော်များသည် MITT ဆိပ်ခံတံတားတစ်လျှောက် သန်လျင်တပ်နယ်မှ တပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့များ၏ ကြိုဆိုနှုတ်ဆက်ခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်မှ စစ်ရေယာဉ် **(အပေါ်ပုံ)** သည် ANTISUBMARING WARFARE SHIP အမျိုးအစားဖြစ်ပြီးအရာရှိ စစ်သည်အင်အား ၃၅၉ ဦးလိုက်ပါလာကာ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၈ ရက်အထိ ခြောက်ရက်ကြာ လည်ပတ်သွားမည်ဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၁၄ ရက်တွင် ရုရှားနိုင်ငံမှ OCEANICTUG "KALAR" နှင့် TANKER "IRKUT" ရေယာဉ်နှစ်စင်း ထပ်မံရောက်ရှိ မည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

# မိုးစက်ဝိုင်း၏ ပြိုင်ပွဲအတွေ့အကြုံရှင်းလင်း

သတင်းနှင့် ဓာတ်ပုံ
သီဟသူ

**ရန်ကုန် နိုဝင်ဘာ ၁၃**

နှစ်ပေါင်း ၅၃ နှစ်ကြာမှ မယ်စကြဝဠာပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Miss Universe Myanmar မိုးစက်ဝိုင်း၏ ပြိုင်ပွဲအတွေ့အကြုံနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၃ ရက်၌ ရန်ကုန်မြစ်အတွင်းရှိ RV King Whale မြစ်တွင်း အပျော်စီးသင်္ဘောပေါ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ရှင်းလင်းပွဲတွင် မိုးစက်ဝိုင်းက ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် (၆၂)ကြိမ်မြောက် Miss Universe 2013 ပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ "မိုးစက်ဒီပြိုင်ပွဲမှာ ဆုတစ်ခုမှ မရခဲ့ပေမယ့်လည်း မြန်မာအမျိုးသမီးတွေရဲ့ အကြောင်း၊ မြန်မာနိုင်ငံရဲ့အကြောင်းတွေကို ကမ္ဘာကသိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲတစ်လျှောက်မှာလည်း ရေကူးဝတ်စုံနဲ့ ပြိုင်ရတာကလွဲလို့ ကြောက်စိတ်မရှိခဲ့ပါဘူး။ အကောင်းဆုံးလည်း ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ရုရှားကို သွားမပြိုင်သေးခင်ကနေ အခု ပြန်ရောက်တဲ့အထိကတော့ မိုးစက်ကို အားပေးတဲ့ ပရိသတ်ကြီးပါပဲ။ မိုးစက်ကို ပရိသတ်ကြီးက အရမ်းကို အားပေးခဲ့တဲ့အတွက် မိုးစက်နဲ့ အခန်းဖော်ဖြစ်တဲ့ Miss Thailand ကတောင် မိုးစက်ကို အားကျခဲ့ပါတယ်။ အဲဒီအတွက် ပရိသတ်ကြီးကို ကျေးဇူးအရမ်းတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် Miss Universe Myanmar Organization မှ နေရှင်နယ်ဒါရိုက်တာ ဒေါ်စိုးယုဝေက လည်း မြန်မာနိုင်ငံ ကိုယ်စားပြုယှဉ်ပြိုင်သည့် မိုးစက်ဝိုင်းသည် နိုင်ငံတကာမှ လာရောက်ယှဉ်ပြိုင်ကြသော အလှမယ်များ၊ National Director များ၊ Miss Universe Organization မှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များကြားတွင် ပေါင်းသင်းဆက်ဆံရေး ပြေပြစ်ကောင်းမွန်မှု၊ ချစ်ကြည်ရင်းနှီးစွာ ပြောဆိုတတ်မှု၊ ယဉ်ကျေးပျူငှာဖော်ရွေမှုတို့အတွက် မြန်မာနိုင်ငံ၏ ကောင်းသတင်းကျော်စောခဲ့ပြီး ပြိုင်ပွဲသို့ တက်ရောက်လာသူများက မြန်မာနိုင်ငံတွင် မိုးစက်ဝိုင်းကဲ့သို့ နိုင်ငံတကာအဆင့် ခေတ်ပညာတတ် မိန်းကလေးငယ်များစွာရှိကြောင်း သိရှိရသဖြင့် မြန်မာအမျိုးသမီးများနှင့် မြန်မာနိုင်ငံအတွက် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာတိုးတက်စေခဲ့ကြောင်း၊ ထို့အပြင် မိုးစက်ဝိုင်း ယူဆောင်သွားသည့် National Gift အား Miss Universe Organization ၏ ဥက္ကဋ္ဌဖြစ်သူ Ms.Paula M.Shugart က အခြားသူများထက် ဈေးပိုပေး၍ အမြတ်တနိုးဝယ်ယူခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲဝင်စဉ်တစ်လျှောက်တွင် မိုးစက်ဝိုင်းသည် Miss Universe Official Website နှင့် women.ru Website တို့တွင် ဒုတိယမဲအများဆုံးရရှိခဲ့ပြီး Beauty Pageant Grand Slam 2013 တွင် People Choice Award အား ရရှိခဲ့ကြောင်းနှင့် အခြား Website များတွင်လည်း မဲအများဆုံးဖြင့် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းပွဲတွင် Miss Universe Myanmar Organization မှ Miss Universe Myanmar Foundation စတင် တည်ထောင်သည့် အထိမ်းအမှတ်အဖြစ် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အမျိုးသမီး သက်မွေးအိမ်တွင်းမှု သင်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဘီတင်စက်လျှာဒါန်းခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန် သင်တန်းပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

# မြန်မာ-ဘယ်လ်ဂျီယံသံတမန် နှစ်(၆၀)ပြည့်အထိမ်းအမှတ် ပန်းချီပြပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံသံရုံးမှ ကြီးမှူးကျင်းပသည့် မြန်မာ-ဘယ်လ်ဂျီယံသံတမန် နှစ်(၆၀)ပြည့် အထိမ်းအမှတ် Three Colour of Belgium ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇေယျာသီဒ္ဓိလမ်းနှင့် သီရိရတနာလမ်းထောင့် No.1 Commercial Complex ရှိ SIMA LIVINGMALL ၌ ကျင်းပသည်။

ပြပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးသိန်းအောင်၊ ဒေါ်စုစုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံ သံအမတ်ကြီး Mr.Marc Michielsen၊ ဘယ်လ်ဂျီယံနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပန်းချီပညာချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အဆိုပါပန်းချီပြပွဲသည် ဘယ်လ်ဂျီယံနိုင်ငံမှ မြန်မာနိုင်ငံတွင် ပထမဆုံး လာရောက်ခင်းကျင်းပြသသည့် ပန်းချီပြပွဲဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံသားပန်းချီပညာရှင် ခရစ္စတီယန်ဒဲဗယ်တာ၊ ဂရပ်ဖစ် ပန်းချီပညာရှင် ဟူဂိုအာဘိန်းဘီဆာ(ဒ်)နှင့် စက္ကူပန်းချီပညာရှင် နီကီကိုကီးနော့တို့၏ လက်ရာပန်းချီကား ၃၂ ကားတို့ကို ပြသထားသည်။

"ဒီနေ့အခမ်းအနားက မြန်မာ-ဘယ်လ်ဂျီယံ သံတမန်ဆက်ဆံရေးနှစ် (၆၀)ပြည့်အထိမ်းအမှတ်အနေနဲ့ ပြသတာပါ၊ ဘယ်လ်ဂျီယံနိုင်ငံရဲ့အလံမှာ အနက်၊ အဝါ၊ အနီရောင်တွေရှိသလို ဒီပန်းချီကားတွေကလည်း အရောင်သုံးရောင်တည်းကိုသာ အသုံးပြုပြီး ပန်းချီပညာရှင်သုံးဦးက အနုပညာလက်ရာမြောက်စွာ ရေးဆွဲထားတာပါ၊ ဒီပန်းချီပညာရှင်သုံးဦးရဲ့ မတူကွဲပြားတဲ့ ပန်းချီပညာလက်ရာတွေကိုလည်း တွေ့မြင်ရမှာပါ"ဟု ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီးက ပြောပြခဲ့သည်။

**(သတင်းစဉ်)**

# မရမ်းကုန်းမြို့နယ်၌ ဆောက်လုပ်ဆဲ အဆောက်အအုံ၏ မြင်းမိုရ်ပိတ်ပြိုကျ

**ရန်ကုန် နိုဝင်ဘာ ၁၃**

မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၌ ဆောက်လုပ်ဆဲ (ကန်ထရိုက်တိုက်) အဆောက်အအုံ၏ မြင်းမိုရ်ပိတ်ပြိုကျသဖြင့် အမျိုးသမီးတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ ရက် ညနေ ၆ နာရီခန့်က မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် မြို့သစ်(၄)လမ်း အမှတ်(၁၅၁)ရှိ ဦးမာရီပါး ပိုင်ဆိုင်သော ဆောက်လုပ်ဆဲ သုံးထပ်ခွဲ(RC) အဆောက်အအုံ၏ လေးလွှာအပေါ်ထပ်၌ရှိသော မြင်းမိုရ်ပိတ်အား အလုပ်သမားများက ဆောက်လုပ်နေစဉ် အဆိုပါမြင်းမိုရ်ပိတ်နံရံ ပြိုကျသဖြင့် ယင်းအဆောက်အအုံ(ဆောက်လုပ်ဆဲ)၏ ဘေးချင်းကပ်ခြံဝင်းအမှတ်(ခ/၁၅၀)ရှိ နှစ်ထပ်ပျဉ်ထောင် သွပ်မိုး၏ အမိုးပေါ်သို့ အုတ်ခဲ ၅၀ ခန့် ပြုတ်ကျခဲ့သဖြင့် အဆိုပါနှစ်ထပ်အိမ်အပေါ်ထပ်တွင် အလုပ်လုပ်နေသည့် မဖြိုးနွယ်ဝင်း (၂၄)နှစ်၏ ခန္ဓာကိုယ်ပေါ်သို့ ပြုတ်ကျခဲ့ပြီး ဒဏ်ရာရရှိခဲ့သဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်၍ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။

ယင်းဖြစ်ပွားမှုကြောင့် နှစ်ထပ်ပျဉ်ထောင်သွပ်မိုးအိမ်၏ သွပ်မိုး ခြောက်ချပ်ခန့် ပျက်စီးခဲ့သည်။ "ဝုန်းဆို အသံအကျယ်ကြီးကြားလိုက်ရတယ်။ ပြီးတော့ ဆက်တိုက်ပဲ အုတ်ခဲကျသံတွေ တဖြုန်းဖြုန်းကြားရတော့ အနီးဝန်းကျင်ရှိ ရပ်ကွက်နေပြည်သူတွေ အထိတ်တလန့်ဖြစ်ခဲ့ရတယ်။ ဒီရပ်ကွက်အတွင်းထဲမှာ ကန်ထရိုက်တိုက် အဆောက်အအုံ ဆောက်လုပ်မှုတွေ တစ်နေ့ထက်တစ်နေ့ များပြားလာပြီး သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းချက်တွေနဲ့အညီ ဆောက်လုပ်ခြင်းရှိ၊ မရှိကို သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ကွင်းဆင်းစစ်ဆေးရန် လိုအပ်နေပြီဖြစ်ပါတယ်" ဟု အဆိုပါဖြစ်ပွားမှုအနီးရှိ ရပ်ကွက်နေပြည်သူ တစ်ဦးက ပြောသည်။

**(ဇော်ကြီး-ပဏီတ)**

# အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

**စက်မှုဝန်ကြီးဌာန**

**အထည်အလိပ်လုပ်ငန်း**

**အသုံးမလို စက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များရောင်းချရန်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ ယခင်မရမ်းကုန်းအထည်စက်ရုံအမှတ်(၁)ရှိ အသုံးမလိုပိုလျှံ စက်နှင့်စက်ပစ္စည်း(အဟောင်း)များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

| | | | |
|---|---|---|---|
| (က) | ယခင်မရမ်းကုန်းအထည်စက်ရုံအမှတ်(၁) စက်နှင့်စက်ပစ္စည်း(အဟောင်း) | | ၁၂ မျိုး |

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်နေ့ရက်/နေရာ | - | ၁၄-၁၁-၂၀၁၃ရက်၊ ရုံး(၃၇)၊ အထည်အလိပ်လုပ်ငန်း |
| (ခ) | တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | ၂၉-၁၁-၂၀၁၃ရက်၊ ၁၆း၀၀နာရီ |
| (ဂ) | တင်ဒါတင်သွင်းရမည့်နေရာ | - | စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇) နေပြည်တော် |

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၄၀၈၁၈၅၊ ၄၀၈၃၃၈

# ပြည်သူနဲ့ ရုပ်သံကြား Digital ပေါင်းကူးတံတား

**စာကြီးသား (ပကဏီပင်)**

ကျွန်တော့်ဇာတိက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မြေနီကုန်းရပ်ကွက်ဖြစ်သည်။ မြန်မာ့အသံဟုအများခေါ်ဆိုသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကားမှတ်တိုင် (၂)တိုင်သာဝေးသည်။ ကျွန်တော်သည် မူလတန်းအဆင့်ကို မြေနီကုန်းရပ်ကွက်ရှိ (ယခု)နာမည်ကျော်စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်ရှေ့ရှိ အမက(၁၉)စမ်းချောင်းဟု ခေါ်တွင်သည့်ကျောင်းတွင် သင်ကြားခဲ့သည်။ ထိုကျောင်းမှ ဦးဝိစာရလမ်းအတိုင်း မြောက်ဘက်သို့ ငါးမိနစ်ခန့်လမ်းလျှောက်လျှင် မြန်မာ့အသံသို့ ရောက်သည်။ ၁၉၆၄ ခုနှစ် ဒုတိယတန်းကျောင်းသားဘဝတွင် မြန်မာ့အသံသို့သွားရောက်ကာ အသံလွှင့်အစီအစဉ်တစ်ခုတွင် ကလေးသရုပ်ဆောင်အဖြစ် ပါဝင်အသံသွင်းဖူးသည်။ စည်းကမ်းမဲ့စွန့်ပစ်ထားသည့် ငှက်ပျောခွံကို ကလေးငယ်တစ်ယောက် အမှတ်မထင်တက်နင်းမိရာမှချော်လဲသည်။ လက်ကျိုးသည်။ စာမေးပွဲမဖြေလိုက်ရသဖြင့် နစ်နာသွားသော ကလေးငယ်တစ်ယောက်အကြောင်းဖြစ်သည်။ ကလေးငယ်များ အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်ရန် သင်ခန်းစာပေးသော အစီအစဉ်ဖြစ်သည်။ ထိုဇာတ်လမ်းတွင် ကျွန်တော်သည် ငှက်ပျောခွံကို စည်းမဲ့ကမ်းမဲ့စွန့်သောကလေးအဖြစ် သရုပ်ဆောင်ရသည်။

၁၉၈၀ ခုနှစ် ကျွန်တော့်အသက် (၂၃)နှစ်အရွယ်တွင် သင်တန်းတစ်ခုတက်ရသည်။ သင်တန်းဆင်းခါနီး သွားရောက်လေ့လာရသောလေ့လာရေးခရီးစဉ်တွင် မြန်မာ့အသံသို့ ဝင်ရောက်လေ့လာခွင့်ရသည်။ ငယ်ရွယ်နုပျိုသော၊ တူညီဝတ်စုံဝတ်ဆင်ထားသော သူငယ်ချင်းသင်တန်းသား ၁၈၀ ကျော်တို့ မြန်မာ့အသံသို့ ရောက်ရှိချိန်တွင် လက်ပံပင်ဆက်ရက်ကျသည်ထက် ကိုးဆယ်ဆသာပါသည်။ အသံလွှင့်စတူဒီယိုအတွင်းရှိ ကွက်လပ်တွင် သင်တန်းသားအားလုံးကြမ်းပြင်၌ တင်ပျဉ်ခွေထိုင်ရသည်။ (မမကြီး)ဒေါ်တင်တင်မြကအသံလွှင့်လုပ်ငန်းများ ရှင်းပြသည်ကိုသာ မှတ်မိသည်။ ပျော်လည်းပျော်သည်။ ထိုအချိန်သည် ရုပ်သံလွှင့်ခါစအချိန်ဖြစ်သည်။ ဖလင်တိပ်ခွေပေါ်မှ အရုပ်များကို ရုပ်မြင်သံကြားပြသနိုင်သည့် တိပ်ခွေပေါ်သို့ ကူးပြောင်းသည့် (Telecine) လုပ်ငန်းကို လေ့လာခွင့်ရသည်ကို မှတ်မိသည်။ ထိုအချိန်က ကျွန်တော့်အကြိုက် Micky Mouse ကူးနေသဖြင့် ပိုမှတ်မိခြင်းဖြစ်သည်။

သင်တန်းဆင်းသည်။ အလုပ်ခွင်ဝင်ရသည်။ ၁၉၉၁ ခုနှစ်တွင် ဌာနပြောင်းရွှေ့အမှုထမ်းရန် အမိန့်ချမှတ်ခြင်းခံရသည်။ ကျွန်တော်လုံးဝမမျှော်လင့်ထားသောဌာနဖြစ်သည်။ ဘူမိနက်သန် "မြန်မာ့အသံ"သို့ဖြစ်သည်။ ရုပ်မြင်သံကြားဌာနခွဲတွင် တာဝန်ကျသည်။ ကျွန်တော်ပျော်ပါသည်။ အလုပ်သစ်အတွက် ပျော်သည်။ ကျွန်တော့်သားငယ်ကို ငယ်စဉ်က ကျွန်တော်အလွန်တက်ချင်ခဲ့သည့် TTC ခေါ် တက္ကသိုလ်ပညာရေးလေ့ကျင့်ရေးကျောင်းတွင် အပ်နှံထားရှိကာ ပညာရည်နို့သောက်စို့ခွင့်ရနိုင်တော့မည့်အတွက် တွေးလိုက်တိုင်းပျော်သည်။

ကျွန်တော့်ညွှန်ကြားရေးမှူးက ပြော(ဆုံးမ)ဖူးသည်။ ဤအလုပ်သည် သမ္မာအာဇီဝအလုပ်အမှန်ဖြစ်သည်။ အများကိုပျော်ရွှင်အောင်၊ စိတ်ချမ်းသာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် အလုပ်အကျွေးပြုခြင်းဖြစ်သည်ဟု ဆိုသည်။ အများကို ပျော်အောင်လုပ်ကျွေးပြုစုလျှင် ကိုယ်လည်းပျော်ရွှင်ရသည်ဟုဆိုသည်။ ဆရာ့ဆုံးမစကား မှန်သည်ကို ကျွန်တော့်မြန်မာ့အသံလုပ်သက်တစ်လျှောက် တွေ့ကြုံခံစားခဲ့ရသည်။ ကျွန်တော်ပျော်ပါသည်။

ကျွန်တော်တို့ ရုပ်သံအစီအစဉ်များကို ထိုအချိန်မှစကာ Analogue စနစ်ဖြင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းတစ်လိုင်းတည်းကိုသာ သတ်မှတ်ခွင့်ပြုထားသော လှိုင်းနှုန်းတစ်ခုတွင် လွှင့်စက်တစ်လုံးဖြင့် ထုတ်လွှင့်ခြင်းဖြစ်သည်။ ရုပ်သံဌာနခွဲမှ မျိုးဆက်များအားလုံးသည် ပခုံးပြောင်းတာဝန်ကို အစဉ်အဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ ပြည်သူကို အလုပ်အကျွေးပြုခဲ့သည်။ ဆရာသမားများ၊ ဝါရင့်ဝန်ထမ်းများ အနားယူသွားသည်။ ဝန်ထမ်းငယ်များသည် လက်ဆင့်ကမ်းသင်ကြားပေးခဲ့မှုများနှင့် ပြောင်းလဲတိုးတက်လာသော နိုင်ငံတကာရုပ်သံလွှင့်လုပ်ငန်းများကို ကြည့်ရှုနည်းနာယူပေါင်းစပ်ကာ ပြည်သူကို ဆက်လက်အလုပ်အကျွေးပြုဆဲဖြစ်သည်။ မြန်မာ့အသံသည် ရွက်ဟောင်းတို့ကြွေသည့် လောကဓမ္မတာကို မျက်မှောက်ပြုရင်း ရွက်သစ်တို့ဝေဆာနေအောင် ကြိုးပမ်းနေဆဲဖြစ်သည်။

ဝန်ထမ်းသစ်များ၊ ငယ်ရွယ်နုပျို၍ အားမာန်အပြည့်ရှိသော လူငယ်များ အစားထိုးလာသည်။ ပြည်သူကို ရှေးရှု၊ ပြည်သူကိုဦးစားပေးသည်။ ပြည်သူ့အသံကို ထင်ဟပ်သည့် တင်ဆက်မှုများ ပြောင်းလဲခဲ့သည်။ ပရိသတ်များက လက်ခံအသိအမှတ်ပြုသည့်အတွက် ပင်ပန်းသော်လည်း ပျော်သည်။ ထို့ထက်ကောင်းအောင် ပြည်သူကို ဝန်ဆောင်ပေးချင်သည်။ တင်ဆက်ပုံသာမက အရုပ်၊ အသံအရည်အသွေး ပိုမိုကောင်းမွန်သော ရုပ်သံအစီအစဉ်များကို ပြည်သူအများ ကြည့်ရှုခံစားစေချင်သည့် စေတနာသည် ကျွန်တော်တို့အားလုံး၏ နှလုံးသွေးကြောအတွင်း လှည့်ပတ်စီးဆင်းနေသည်။ စေတနာကောင်းလျှင် ကံ(အလုပ်)ကောင်းသည်ဟု မိန့်ဆိုဟောကြားချက်များသည် ပရမတ်သစ္စာဖြစ်သည်။ နည်းပညာတိုးတက်ပြောင်းလဲနေမှုများက ကျွန်တော်တို့၏ စေတနာနှင့် ကံပေါ်တွင် အချိုပေါ်သကာလောင်းသည်။

ကျွန်တော်တို့ ရုပ်သံထုတ်လွှင့်မှုများကို သမားရိုးကျပုံစံမှခွဲထွက်ကာ ပြင်ဆင်ပြောင်းလဲမည်။ Digital နည်းပညာသည် ကျွန်တော်တို့ကို ရင်ခွင်ဖွင့်ကာ လက်ကမ်းကြိုဆိုနေသည်။

ကျွန်တော်တို့သည် Digital Video Broadcasting Terrestrial (DVB-T)၏ နောက်ဆုံးပေါ် နည်းပညာတစ်ခုဖြစ်သော DVB-T2နှင့် စုလျားရစ်ပတ်ပေါင်းဖော်ယှဉ်တွဲလိုက်ပါသည်။ The later the better ဟုဆိုနိုင်မည်ထင်သည်။ ကျွန်တော်တို့သည် ရုပ်သံလွှင့်ခြင်းကို အိမ်နီးချင်းနိုင်ငံများထက်များစွာနောက်ကျမှ စတင်နိုင်ခဲ့သည့်အတွက် စလွှင့်လွှင့်ချင်းပင် ရောင်စုံရုပ်သံလွှင့်စနစ်ကို စောစီးစွာ ခံစားနိုင်ခဲ့သည်။ ယခုလည်း Digitalနည်းပညာဖြင့် ရုပ်သံထုတ်လွှင့်မှုကို အနည်းငယ်နောက်ကျထုတ်လွှင့်နိုင်ခဲ့သော်လည်း နောက်ဆုံးပေါ် နည်းပညာတစ်ခုကို သုံးစွဲနိုင်ခဲ့ပါသည်။

Analogue မှ Digital သို့ ပြောင်းလဲထုတ်လွှင့်ရန် စေ့ဆော်တိုက်တွန်းခဲ့သော အခြားအကြောင်းရင်းများ ရှိသေးသည်ကိုလည်း ပွင့်လင်းစွာ ဝန်ခံလိုပါသည်။

နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်လျက်ရှိသော Digital နည်းပညာများ သုံးကာ ထုတ်လွှင့်နေပြီဖြစ်ပါသည်။ "နိုင်ငံတကာရုပ်သံလွှင့်လုပ်ငန်းများကို Digital စနစ်ဖြင့် ထုတ်လွှင့်ခြင်းကို ၂၀၁၅ ခုနှစ် အပြီးဆောင်ရွက်ရန်" International Telecommunication Union (ITU) က ဆုံးဖြတ်ချက်ချမှတ်ကာ တွန်းအားပေးထားပါသည်။ အာဆီယံနိုင်ငံများတွင်လည်း ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် နောက်ဆုံးထားကာ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရန် အာဆီယံပြန်ကြားရေးဝန်ကြီးများက တညီတညွတ်တည်း သဘောတူဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ပါသည်။ ယင်းသို့သော ဆုံးဖြတ်ချက်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် DVB-T စနစ်ကို National Standard အဖြစ် ကျင့်သုံးရန် ၂၀၀၈ ခုနှစ်တွင် သတ်မှတ်ပြဌာန်းခဲ့ပြီးလည်းဖြစ်ပါသည်။ ပြည်သူ့ဝန်ဆောင်မှုပေးဆက်လိုသော ကျွန်တော်တို့၏ စေတနာစိတ် စေတသိက်ကို ထိုထိုသောစေ့ဆော်မှုများက ထပ်ဆောင်းပေါင်းစပ်လိုက်သည့်အခါတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Digital ရုပ်သံထုတ်လွှင့်မှုနောက်ဆုံးပေါ် နည်းပညာတစ်ခုဖြစ်သော DVB-T2 စနစ်ကို စတင်ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ ထိုသို့ ပြောင်းလဲထုတ်လွှင့်မှုများကို ပြည်သူများအနေဖြင့် အခမဲ့ (Free to Air-FTA)ကြည့်ရှုနိုင်ပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသစ်တာဝန်ယူသောကာလတွင် စိုက်ထူနိုင်ခဲ့သော သမိုင်းမှတ်တိုင်သစ်များစွာတွင် ကျွန်တော်တို့ မြန်မာ့ရုပ်မြင်သံကြား ပါဝင်နိုင်ခဲ့ခြင်းကို ရုပ်သံသားစဉ်မြေးဆက်များ ဂုဏ်ယူနိုင်ကြပါလိမ့်မည်။ ပြည်သူများက မှတ်တမ်းတင်ကြပါလိမ့်မည်။

> **Digital ရုပ်သံထုတ်လွှင့်ခြင်းသည် Analogue ရုပ်သံထုတ်လွှင့်ခြင်းထက် သာလွန်ကောင်းမွန်သည့် အားသာချက်တစ်ခုမှာ ထုတ်လွှင့်သည့်လွှင့်အား တူညီသည့်တိုင်အောင် Digital စနစ်ဖြင့် ထုတ်လွှင့်သည့်ရုပ်သံသည် Analogue ဖြင့် ထုတ်လွှင့်သည့်ရုပ်သံထက် ပိုမိုဝေးလံသောဒေသသို့ ရောက်ရှိနိုင်စွမ်းပင်ဖြစ်**

ဥရောပနိုင်ငံအများစုသည် Digital စနစ်ဖြင့် ရုပ်သံထုတ်လွှင့်ခြင်းအဆင့်သို့ လုံးဝကူးပြောင်းခဲ့ကြပြီဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် လည်းကောင်း Digital စနစ်သို့ ကူးပြောင်းခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်တော်တို့ ယခု ၂၀၁၃ ခုနှစ်တွင် Digital စနစ်သို့ စတင်ပြောင်းလဲသည်။ အလွန်အမင်း မကွာလှဟုဆိုသော်လည်း ကျွန်တော်တို့ များစွာကြိုးစားရမည်ကို စွဲမြဲမှတ်သားထားရှိပါသည်။

DVB-T2 စနစ်ဖြင့် ရုပ်သံထုတ်လွှင့်ပေးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးကောင်းများစွာရှိသည်ကိုလည်း သိစေအပ်ပါသည်။ ရုပ်သံပရိသတ်များသည် အရည်အသွေးမြင့်မားကောင်းမွန်သော ရုပ်သံအစီအစဉ်များကို ကြည့်ရှုခံစားနိုင်ပါမည်။ ကျွန်တော်တို့ အမိနိုင်ငံတော်သည် နိုင်ငံတကာရုပ်သံလွှင့်လုပ်ငန်းမျက်နှာစာတွင် ဂုဏ်သိက္ခာရှိစွာဖြင့် ရင်ပေါင်တန်းပါဝင်နိုင်ပါပြီ။ နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံခြားသားများနှင့် ပြောဆိုဆွေးနွေးခွင့်ကြုံလာပါက ခေတ်နောက်ကျကျန်မနေရစ်ဘဲ၊ မျက်နှာမငယ်ဘဲ Digital Broadcasting ကို နှီးနှောဖလှယ်နိုင်ပါပြီ။

Analogue စနစ်ဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် ရုပ်သံလိုင်းတစ်လိုင်းအတွက် လွှင့်စက်တစ်ခု၊ သတ်မှတ်လှိုင်းနှုန်းတစ်ခု လိုအပ်ပါသည်။ ယခု Digital နည်းစနစ် (DVB-T2)ဖြင့် ထုတ်လွှင့်ပါက ရုပ်သံလိုင်းအနည်းဆုံး (၁၅ မှ ၁၆) လိုင်းအထိကို 8 MHz Bandwidth ရှိသည့် လှိုင်းနှုန်းတစ်ခုနှင့် လွှင့်စက်တစ်ခုတည်းမှ ထုတ်လွှင့်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအရ တွက်ခြေကိုက်ပြီး ပရိသတ်အတွက်လည်း အရည်အသွေးကောင်းရုပ်သံလိုင်းများ ပိုမိုကြည့်ရှုနိုင်သည့် အကျိုးကျေးဇူးများရရှိသည်ကို စေ့စေ့တွေးမှ ရေးရေးပေါ်ခြင်း မဟုတ်ဘဲ ရိုးစင်းစွာတွေးလျှင်ပင် ထိုးထွင်းကာမြင်နိုင်ပါသည်။

ယခုအခါ ကျွန်တော်တို့မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၁၅-၁၀-၂၀၁၃ ရက်မှစတင်ကာ DVB-T2 Digital နည်းစနစ်သုံးသည့် လှိုင်းနှုန်းတစ်ခု၊ လွှင့်စက်တစ်ခုတည်းဖြင့် MRTV၊ MITV၊ Farmer Channel/ Hluttaw Channel & National Races Channel (NRC) တို့ကို တစ်ပြိုင်တည်း Free to Air (အခမဲ့) ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် DVB-T2 Set-Top-Box သို့မဟုတ် Digital T2 Tuner ပါရှိသော ရုပ်သံဖမ်းစက်များကို အသုံးပြုပါက အဆိုပါရုပ်သံလိုင်းငါးခုကို အခမဲ့ကြည့်ရှုနိုင်ပြီဖြစ်ပါသည်။ ထို့အပြင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ထုတ်လွှင့်သော မြဝတီရုပ်သံ ခုနစ်လိုင်းနှင့် Forever ရုပ်သံ လေးလိုင်းတို့ကိုပါ ကြည့်ရှုနိုင်သဖြင့် စုစုပေါင်းအခမဲ့ရုပ်သံလိုင်း (FTA) ၁၆ လိုင်းကို ဖမ်းယူကြည့်ရှုနိုင်ပါသည်။ လတ်တလောကာလတွင် အဆိုပါရုပ်သံလိုင်း ၁၆ လိုင်းလုံးကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် DVB-T2 Set-Top-Box သို့မဟုတ် Digital T2 Tuner ပါရှိသော ရုပ်သံဖမ်းစက်များကိုအသုံးပြု၍ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ Digital-T Tuner, DVB-T Set-Top-Box ဖြင့်ဆိုပါက မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော Free to Air ရုပ်သံလိုင်း ငါးလိုင်းမှအပ ကျန်ရုပ်သံလိုင်း ၁၁ လိုင်းကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ ခြွင်းချက်အနေဖြင့် မြဝတီရုပ်မြင်သံကြားအစီအစဉ်များကို တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်အနေဖြင့် Encrypt လုပ်ထားချိန်များတွင်မူ ဖမ်းယူကြည့်ရှု၍ မရနိုင်ပါ။ ကျွန်တော်တို့မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် 27th SEA Games ကာလတွင် အားကစားပွဲများ၏ တိုက်ရိုက်(သို့) တည်းဖြတ်ထားသည့် ရုပ်သံအစီအစဉ်များကို Digital ရုပ်သံသုံးလိုင်းဖြင့် ထပ်မံထုတ်လွှင့်ပေးမည်ဖြစ်ပါသည်။ ထိုရုပ်သံလိုင်းသစ် သုံးလိုင်းကိုလည်း DVB-T2 Set-Top-Box သို့မဟုတ် Digital T2 Tuner ပါရှိသော ရုပ်သံဖမ်းစက်များကိုအသုံးပြု၍ အခမဲ့ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Digital ရုပ်သံထုတ်လွှင့်ခြင်းသည် Analogue ရုပ်သံထုတ်လွှင့်ခြင်းထက် သာလွန်ကောင်းမွန်သည့် အားသာချက်တစ်ခုမှာ ထုတ်လွှင့်သည့်လွှင့်အား တူညီသည့်တိုင်အောင် Digital စနစ်ဖြင့် ထုတ်လွှင့်သည့် ရုပ်သံသည် Analogue ဖြင့် ထုတ်လွှင့်သည့် ရုပ်သံထက် ပိုမိုဝေးလံသောဒေသသို့ ရောက်ရှိနိုင်စွမ်းပင်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ Digital နည်းပညာဖြင့် ထုတ်လွှင့်ပေးခဲ့သည့် MRTV, MITV, Hluttaw Channel, National Races Channel, Farmer Channel ရုပ်သံများသည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတစ်ဝိုက်တွင် လွှင့်ပျံ့စီးဆင်းလျက်ရှိနေပြီဖြစ်ပါသည်။ ပြည်သူများကို အကျိုးပြုရန်၊ ပြည်သူများ၏ရင်ခွင်သို့ တိုးဝှေ့ဝင်ရောက်ခွင့်ရရန် သားငယ်သည်အမိ၏မျက်နှာကို ငေးမောကြည့်ရှုနေသည်သို့ပင် ခံစားရပါသည်။ နေပြည်တော် (ပျဉ်းမနား)ရှိ 3 KW DVB -T2 လွှင့်စက်ရုံ၏ မြောက်ဘက် ၂၅ မိုင်၊ တောင်ဘက်မိုင် ၃၀၊ အရှေ့ဘက် ၁၀ မိုင်နှင့် အနောက်ဘက် ၁၈ မိုင်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဇေယျာသီရိနှင့် ရွှေမြို့ (တပ်ကုန်း) (၈)မြို့နယ်တို့သို့ ရောက်ရှိအောင် သူတို့ခရီးဆန့်ထားပြီးဖြစ်ပါသည်။ မန္တလေး(စစ်ကိုင်း) 3 KW DVB-T2 လွှင့်စက်ရုံ၏ မြောက်ဘက် ၃၅ မိုင်၊ တောင်ဘက်မိုင် ၃၀၊ အရှေ့ဘက် ၁၅ မိုင်နှင့် အနောက်ဘက် မိုင် ၃၀ အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ဝက်လက်၊ ချမ်းမြသာစည်၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ နွားထိုးကြီး၊ ငါန်းဇွန်၊ သပိတ်ကျင်းနှင့် ရေစကြို စသည့် မြို့နယ် (၂၁)မြို့နယ်တွင် ပြည်သူကို အလုပ်အကျွေးပြုရန် သူတို့လှည့်လည်လွင့်ပျံ့နေကြပါသည်။ ရန်ကုန် 3 KW DVB-T2 လွှင့်စက်ရုံ၏ မြောက်ဘက် ၃၅ မိုင်၊ တောင်ဘက် မိုင် ၃၀၊ အရှေ့ဘက် မိုင် ၃၀ နှင့် အနောက်ဘက် ၂၅ မိုင်အတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှည်းကူး၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ သယ်န်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ တာမွေ၊ ပုဇွန်တောင်၊ လမ်းမတော်၊ ဒေါပုံ၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကျောက်တံတား၊ လသာ၊ ပန်းဘဲတန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ ဗဟန်း၊ ဒဂုံ၊ ဆိပ်ကမ်း၊ တိုက်ကြီးမြို့နယ် (၄၃)မြို့နယ်အတွင်း သူတို့လွှင့်ပျံ့စီးဆင်းနေကြပါသည်။ အမိအဖများက သားငယ်တို့ကို ဆီးကြို့ပွေ့ဖက်ပေးကြစေချင်ပါသည်။ သားငယ်တို့၏ လိုအပ်ချက် အားနည်းချက်များကို မေတ္တာဖြင့် သွန်သင်ဆုံးမပေးမည်ဟု မမှိတ်မသုန် ယုံကြည်ကာ မျှော်လင့်စောင့်စားနေပါမည်။ သားငယ်တို့ ဖွံ့ဖြိုးကြီးထွားရှင်သန်လာစေရန်၊ လောကကို အလှဆင်နိုင်မည့် သားကောင်းရတနာများဖြစ်အောင် အမိအဖတို့က စောင့်ရှောက်ပေးကြမည့် အရေးကိုလည်း မျှော်လင့်နေမည်ဖြစ်ကြောင်း အမိအဖများကို ရိုသေစွာ အသိပေးအပ်ပါသည်။

ကျွန်တော်တို့မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မိဘပြည်သူများကို ဒုတိယအဆင့်အဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရုပ်သံလွှင့်စက်ရုံ (၂၂)ရုံ(မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ မုံရွာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လွိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟင်္သာတ၊ ထားဝယ်)တို့မှ Digital စနစ်ကို ထိတွေ့ခံစားနိုင်စေရန် ပေါင်းကူးမိတ်ဆက်ပေးရန် ကြိုးပမ်းဆောင်ရွက်ထားပြီးဖြစ်ပါသည်။

ပြည်သူများအား ယခုကဲ့သို့ ဝန်ဆောင်မှုပေးဆက်နိုင်ရခြင်းသည် ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် မဟာကုသိုလ်ကံတစ်ခုဟု မှတ်ယူထားကာ ကျွန်တော်တို့အားလုံး တက်ကြွပျော်ရွှင်နေကြပါသည်။ ရေးရင်းပင်ပီတိသည် ကျွန်တော့်ရင်တွင်းသို့ တအိအိတိုးဝင်လျက်ရှိသည်။ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေချင်သည်မှာ ကျွန်တော်တို့၏ မှန်သောသစ္စာစကား ဖြစ်ပါသည်။

DVB-T2 စနစ်ကို ကျွန်တော်တို့ မည်ကဲ့သို့စနစ်တကျ ကူးပြောင်းကြမည်။ မည်သည့်ဒေသများကို မည်ကဲ့သို့ ရွေးချယ်ကာ ပြောင်းလဲကြမည်။ Digital စနစ်ကို Set-Top-Box မရှိသဖြင့် မကြည့်လိုက်ရဟူသော အခွင့်အရေး မဆုံးရှုံးစေရန် နိုင်ငံတကာစံနှုန်းများနှင့်အညီ နိုင်ငံတော်က တတ်နိုင်သမျှ မည်သို့ထောက်ပံ့မည်ကို မိဘပြည်သူများထံသို့ အသိပေးတင်ဆက်လိုသော်လည်း ငါးသိုင်းများ၍ ဟင်းဟုန်မည်ကိုလည်း ကျွန်တော်စိုးသည်။ ထို့ကြောင့်သည်မျှနဲ့ပဲကျေနပ်ပါဟု တောင်းပန်စကားဆိုပါသည်။ သို့သော် မိဘပြည်သူများရင်ခွင်သို့ ကျွန်တော်တို့မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပျော်ရွှင်စွာ ပြန်လည်ခိုနားခွင့်ကိုမူ ကြိုတင်ပန်ကြားထား ခွင့်ပြုစေလိုပါသည်။ ။

## * ပြည်သူ့လွှတ်တော်မှ

ဒေါ်ခင်စောဦးက ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ခြသေ့်ပုံပါငွေစက္ကူများကို ၁၉၅၂ ခုနှစ်ကပင် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၀ ပြည့်နှစ် မေလတွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပါတီအဖွဲ့အစည်းတစ်ခု၏ တံဆိပ်အမှတ်အသားအား ငွေစက္ကူ ရိုက်နှိပ်ထုတ်ဝေခြင်း မဟုတ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအခန်း (၉)၊ ပုဒ်မ ၆၅တွင် **ဗဟိုဘဏ်သည် ငွေစက္ကူများနှင့် ဒင်္ဂါးများ၏တန်ဖိုး၊ အဆင်အပြင်၊ ဖွဲ့စည်းပါဝင်သည့် ဝတ္ထုပစ္စည်းနှင့် အခြားခွဲခြားနိုင်သည့် လက္ခဏာများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်**ဟု ဖော်ပြပါရှိသည့်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နောက်ထပ်ငွေစက္ကူများ ထပ်မံထုတ်ဝေရန်ရှိသည့်အခါ ထင်ရှားသောနိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံ၏ထင်ရှားသောအဆောက်အအုံများ၊ ရှုခင်းများ၊ အထိမ်းအမှတ်ပုံများစသည်ဖြင့် အခြေအနေ၊ အချိန်အခါနှင့်လိုက်လျောညီထွေရှိမည့်ပုံများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထည့်သွင်းရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **ငွေဖြည့်ကတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီအရေအတွက်၊ ကုမ္ပဏီအမည်နှင့်ငွေဖြည့်ကတ်များ ဈေးကွက်တွင် ပြတ်လပ်မှုမရှိစေရန် မည်သို့စီမံထားသည်တို့ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM၊ WCDMA၊ CDMA-800 MHz နှင့် CDMA-450 MHz မိုဘိုင်းတယ်လီဖုန်းများတွင် အသုံးပြုရန် Prepaid Top Up ကတ်များကို ကုမ္ပဏီ(၅)ခုဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း၊ ယင်းကုမ္ပဏီများမှာ Asia Mega Link Co.,Ltd. ၊ Global Telephone Co.,Ltd. ၊ Tamoehnye Chan Tha Tun Wai Tha Co.,Ltd. ၊ Yatanapon Teleport Co.,Ltd.နှင့် Elite Tech It Services Co.,Ltd. တို့ဖြစ်ကြပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ငွေဖြည့်ကတ်များအား အထက်ပါကုမ္ပဏီများသို့(၆) ရာခိုင်နှုန်းကော်မရှင်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဈေးကွက်တွင် ငွေဖြည့်ကတ်များ ဈေးနှုန်းလျှော့ရောင်းချမှုနှင့်စပ်လျဉ်း၍ ဌာနအနေဖြင့် ကန့်သတ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းမရှိပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငွေဖြည့်ကတ်များ ဈေးကွက်တွင်ပြတ်လပ်မှုမရှိစေရန်အတွက် လိုအပ်သောသတင်းအချက်အလက်များ ရရှိရန်ဆောင်ရွက်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ယခုအခါ Prepaid Top Up ကတ်များ ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီများအပြင် အခြားကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်နိုင်စေရန် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် နိုင်ငံတော်ပိုင်သတင်းစာမှတစ်ဆင့် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တင်ဒါပိတ်သိမ်းသည့် အောက်တိုဘာ ၁၄ ရက်အထိ တင်ဒါတင်သွင်းသည့်ကုမ္ပဏီ(၂၁)ခုရှိပါကြောင်း၊ ယင်းကုမ္ပဏီများအနက် သင့်လျော်သည့်ကုမ္ပဏီများကို စိစစ်ရွေးချယ်၍ Prepaid Top Up ကတ်များ



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း

ဈေးကွက်တွင် ပြတ်လပ်မှုမရှိဘဲ အချိန်မီရရှိစေရန်အတွက် တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **ဘဏ်မှ ချေးယူသူအခြေအနေများအား ချေးငွေပမာဏ (သန်းဂဏန်း)၊ လူအချိုးအစား၊ ချေးငွေပမာဏအချိုးအစားတို့အား သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေများနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်နှင့်ငွေရေးကြေးရေးကုမ္ပဏီများအား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက် လိုင်စင်ထုတ်ပေးခဲ့ရာ ယနေ့အထိ နိုင်ငံပိုင်ဘဏ်(၄)ဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ်(၂၂)ဘဏ်နှင့် ပြည်တွင်းငွေရေးကြေးရေး ကုမ္ပဏီ(၄)ခုရှိပါကြောင်း။

နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များအနေဖြင့် ချေးငွေထုတ်ချေးထားမှုနှင့်ပတ်သက်၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းချေးငွေ ကျပ်(၁၁၁၅ ဒသမ ၅၁)ဘီလီယံ၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းချေးငွေကျပ်(၂၀၈၀ ဒသမ ၅၄)ဘီလီယံနှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းချေးငွေကျပ်(၃၇၃၃ ဒသမ ၄၅)ဘီလီယံနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ချေးငွေကျပ်(၅၃၃၅ ဒသမ ၂၅) ဘီလီယံထုတ်ချေးခဲ့ပါကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းကဏ္ဍများ တိုးတက်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍမှ ချေးငွေပမာဏအား နှစ်စဉ်တိုးမြှင့်ထုတ်ချေးခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ် ဇွန်လကုန်တွင် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ လုပ်ငန်းအမျိုးအစားအလိုက် တင်ပြရမည်ဆိုပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းသို့ ကျပ်(၄၄၂၈၅၇ ဒသမ ၄၀)သန်း၊ ရာခိုင်နှုန်းအားဖြင့်(၇ ဒသမ ၈၉)ရာခိုင်နှုန်း၊ စက်မှုလက်မှု၊ ထုတ်လုပ်မှုလုပ်ငန်းသို့ ကျပ်(၉၀၃၁၈၃ ဒသမ ၈၄)သန်း၊ ရာခိုင်နှုန်းအားဖြင့်(၁၆ ဒသမ ၀၉)ရာခိုင်နှုန်း၊ ကုန်သွယ်မှုလုပ်ငန်းသို့ ကျပ်(၁၉၃၂၇၂၂ ဒသမ ၅၇)သန်း၊ ရာခိုင်နှုန်းအားဖြင့် (၃၄ ဒသမ ၄၃) ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသို့ ကျပ်(၉၃၉၀၅ ဒသမ ၀၃)သန်း၊ ရာခိုင်နှုန်းအားဖြင့်(၁ ဒသမ ၆၇)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းသို့ ကျပ်(၆၄၄၇၁၂ ဒသမ ၀၃)သန်း၊ ရာခိုင်နှုန်းအားဖြင့်(၁၁ ဒသမ ၄၈)ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသို့ ကျပ်(၇၂၈၆၇၆ ဒသမ ၃၉)သန်း၊ ရာခိုင်နှုန်းအားဖြင့် (၁၂ ဒသမ ၉၆) ရာခိုင်နှုန်း၊ အထွေထွေလုပ်ငန်းသို့ ကျပ်(၆၈၂၃၇၄ ဒသမ ၈၄)သန်း၊ ရာခိုင်နှုန်းအားဖြင့် (၁၅ ဒသမ ၄၄)ရာခိုင်နှုန်း အသီးသီး ထုတ်ချေး ထားပါကြောင်း။

၂၀၁၃ ခုနှစ် ဇွန်(၃၀)ရက်ရှိ ရှေ့ပြေးအမှန် ကိန်းဂဏန်းများအရ နိုင်ငံပိုင်ဘဏ်များအနေဖြင့် (၂၃၅၄၉၇) ဦးသို့ ချေးငွေကျပ်(၉၉၈၄၃၁ ဒသမ ၆၅)သန်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့်(၄၇၂၂၁)ဦးသို့ ချေးငွေကျပ် (၄၄၃၀ ၀၀၀ ဒသမ ၄၅)သန်းထုတ်ချေးထားရှိရာ စုစုပေါင်းချေးယူသူ(၂၈၂၇၁၈)ဦးသို့ ချေးငွေကျပ်(၅၄၂၈၄၃၂ ဒသမ ၁၀) သန်း ထုတ်ချေးထားရှိပါကြောင်း၊ ဘဏ်များမှ ပျမ်းမျှအနေဖြင့် ချေးယူသူတစ်ဦးသို့ ကျပ်(၁၉ ဒသမ ၂၀)သန်းထုတ်ချေးထားပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်၏ **အရပ်ဘက်အဖွဲ့အစည်းများပါဝင်သောအဖွဲ့ ဖွဲ့ပြီး မြန်မာ့သစ်များကို ဥပဒေနှင့်အညီ တင်ပို့/မပို့ကို စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်ရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိုင်ငံတော်သမ္မတရုံး၏ခွင့်ပြုချက်ဖြင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ထိုဗဟိုကော်မတီအနေဖြင့် နယ်စပ်ထွက်ပေါက်လမ်းများတွင် Mobile Teamများကို ဖွဲ့စည်း၍ တရားမဝင်ကုန်သွယ်မှုများကို တားဆီးနှိမ်နင်းလျက်ရှိပါကြောင်း။

ဖွဲ့စည်းတာဝန်ပေးထားသော Mobile Teamများတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ကိုယ်စားလှယ်နှင့် သတင်းမီဒီယာများ စသော ပြည်သူလူထုကို ကိုယ်စားပြုသည့်ပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားပါကြောင်း။

ယခုအခါတွင် Mobile Team ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်ကွပ်ကဲပြီး တရားမဝင် ကုန်သွယ်မှုများကို စိစစ်ရှာဖွေတားဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုလမ်းမကြီးကိုအသုံးပြု၍ သစ်လုံးခဲ့သားများကို သယ်ယူပို့ဆောင်ရာတွင် ဥပဒေနှင့်အညီစိစစ်ပြီး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရန် ဆက်စပ်ဌာနများ၊ ပြည်သူလူထုကို ကိုယ်စားပြုအဖွဲ့များပါဝင်သောအဖွဲ့ဖြင့် စနစ်တကျစစ်ဆေးလျက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့ထားသော **အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း**များနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများဆွေးနွေးပြီး သက်ဆိုင်ရာဥပဒေကြမ်းများအလိုက် ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်က **အမျိုးသားလွှတ်တော်က ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အလျင်အမြန်ပြဋ္ဌာန်းရန် အရေးကြီးလိုအပ်ပါသဖြင့် ပြည်သူ့လွှတ်တော်က ယနေ့အစည်းအဝေးတွင် အတည်ပြုပေးနိုင်ရန်** အရေးကြီးအဆိုကို တင်သွင်းခဲ့ပြီး လွှတ်တော်က ပြင်ဆင်ချက်အဆိုများနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးကာ ယင်းဥပဒေကြမ်းတစ်ရပ်လုံးကိုပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၁၄)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။**(သတင်းစဉ်)**

## * အမျိုးသားလွှတ်တော်မှ

မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထားများ ဆက်လက်ထုတ်ပေးနိုင်ရန် လုပ်ငန်းအဖွဲ့(၅)ဖွဲ့ကို ၂-၃-၂၀၁၂ ရက်တွင် ထိုင်းနိုင်ငံအတွင်းရှိ ဗန်ကောက်၊ မဟာချိုင်၊ စမုပရာကန်၊ စူရတ်ဌာနီနှင့် ချင်းမိုင်မြို့များတွင်လည်းကောင်း၊ ၁၅-၂-၂၀၁၃ တွင် ပထုန်ဌာနီ၊ ကန်ချနပူရီ၊ ချင်းရိုင်၊ တပ်ခ်၊ ရနောင်း၊ ရရောင်နဲ့ ခွန်ခမ်မြို့များသို့ လုပ်ငန်းအဖွဲ့(၇)ဖွဲ့ကို ထပ်မံ၍လည်းကောင်း One Stop Service Center များဖွင့်လှစ်ပြီး ပြည်ဝင်ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) တို့ကို တစ်ပြိုင်တည်းရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စကျွမ်းကျင်သူများ အစည်းအဝေးတွင် လုပ်သက်သက်တမ်း(၄)နှစ်ပြည့်ပြီးသည့် မြန်မာအလုပ်သမားများသည် (၁)လ ပြန်လည်ထွက်ခွာရန် မလိုအပ်တော့ဘဲ ရက်ကန့်သတ်ချက်မရှိဘဲ ထိုင်းနိုင်ငံသို့ MoU စနစ်နှင့် ပြန်လည်ဝင်ရောက် အလုပ်လုပ်ကိုင်ခွင့်ရရှိရန် ညှိနှိုင်းသဘောတူညီထားပြီးဖြစ်ပါကြောင်း။

မြန်မာအလုပ်သမားများသည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် (Employment Contract)ချုပ်ဆိုပြီး စာချုပ်ပါအတိုင်း ခံစားခွင့်များ အပြည့်အဝရရှိစေရန် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့်အပြင် MoU စနစ်နှင့် တရားဝင်သွားရောက်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအားလုံးသည် ထိုင်းနိုင်ငံမှ သတ်မှတ်ထားသော အနည်းဆုံးလုပ်ခ ဘတ်(၃၀၀) ရရှိစေရန်နှင့် ပြည်ဝင်ခွင့်ဗီဇာရရှိစေရန်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဒေါက်တာမြင့်ကြည်က "အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တွေကို ကော်မရှင်နဲ့ကော်မတီ ဖွဲ့စည်းပြီး ဆောင်ရွက်ပေးနေပါတယ်။ အလုပ်သမားဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ အလုပ်သမားတွေ ခံစားနေရတာတွေကိုအဆင်ပြေအောင် ဝန်ကြီးဌာနကဆောင်ရွက်နေတာကိုလည်း ကြားသိရပါတယ်။

အလုပ်သမားတွေအနေနဲ့ အသင်းအဖွဲ့တွေဖွဲ့စည်းပြီး ဆွေးနွေးပွဲတွေလုပ်၊ လုပ်ငန်းခွင် စိတ်ချလုံခြုံရေးအတွက် ဆောင်ရွက်ပေးသင့်တာတွေကို တင်ပြကြပါတယ်။ ဒီတင်ပြချက်တွေကို အစိုးရအနေနဲ့ ဆောင်ရွက်သင့်တဲ့ကိစ္စတွေကို ဥပဒေနဲ့အညီဆောင်ရွက်ပေးတယ်။ အလုပ်ရှင်တွေအပိုင်းကလည်း ပြောင်းလဲလာတဲ့အခြေအနေတွေနဲ့ ကိုယ့်နိုင်ငံသား အလုပ်သမားတွေအတွက် မေတ္တာထားပြီး ညှိနှိုင်းဆောင်ရွက်မယ်ဆိုရင် ပြဿနာတော်တော်များများဟာ အချိန်တိုတွင်းမှာ ပြေလည်သွားနိုင်ပါတယ်။ ဒီမိုကရေစီကူးပြောင်းချိန်မှာ နိုင်ငံသားတိုင်းဟာ အခုလို ပြဿနာကို ကြုံတွေ့ရပါတယ်။ အချိန်နဲ့ လိုက်လျောညီထွေ တဖြည်းဖြည်းလျော့နည်းလာမှာပါ။ လွှတ်တော်ကလည်း အလုပ်သမားတွေရဲ့ အသံကိုနားထောင်ပြီး အစိုးရပိုင်းက ဆောင်ရွက်ရမယ့်ကိစ္စတွေကို တင်ပြဆောင်ရွက်သွားမှာပါ" ဟု ပြောပြခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က "နိုင်ငံမှာ တောင်သူလယ်သမားနဲ့ အလုပ်သမားတွေအတွက် အထူးတလည်အရေးတကြီးဆောင်ရွက်ပေးနေပါတယ်။ အလုပ်လက်မဲ့ပပျောက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊



အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုတာမှာ အလုပ်သမားတွေရဲ့ဘဝတွေ မြှင့်တင်ပေးရေးအတွက် ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေရှိပါတယ်။ သူတို့တွေအတွက် လုံလောက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေလုပ်ပေးရင် ဒီဦးတည်ချက်၊ ရည်မှန်းချက်တွေကို ပံ့ပိုးဆောင်ရွက်ပေးနေတာနဲ့ အတူတူပါပဲ။ ပြည်ပမှာသာမက ပြည်တွင်းမှာလည်း ဆောင်ရွက်ပေးနေတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကုန်ထုတ်စွမ်းအားတိုးမြှင့်ချင်တယ်၊ စီးပွားရေးမြင့်မားချင်တယ်ဆိုရင် အဓိကကဏ္ဍမှာပါဝင်တဲ့ အလုပ်သမားတွေရဲ့ဘဝကို ပံ့ပိုးပေးရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်ရမယ်လို့ ဖော်ပြထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်တွင်းပြည်ပမှာ လုပ်ကိုင်နေတဲ့ အလုပ်သမားတွေအတွက် လုပ်ငန်းခွင်တည်မြဲရေးနဲ့ အာမခံချက်တွေရရှိအောင်၊ ကျန်တဲ့ရပိုင်ခွင့်တွေလည်း အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရပါမယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း အချိန်အတိုင်းအတာတစ်ခုအထိ အဆင်မပြေသေးဘူးဆိုရင် တစ်မျိုးပေါ့။ နိုင်ငံတော်အပိုင်းက ကမ္ဘာ့စံချိန်မီ၊ အာဆီယံစံချိန်မီ စီမံကိန်းတွေဆောင်ရွက်ပြီး လုပ်ဆောင်ပေးနေတယ်လို့ထင်ပါတယ်။

ထောင်စုနှစ်ရည်မှန်းချက်၊ အာဆီယံရည်မှန်းချက်နဲ့ မြန်မာနိုင်ငံရဲ့ ရည်မှန်းချက်တွေထဲမှာ ဆင်းရဲမှုလျှော့ချရေးဆိုတာပါတယ်။ ဒါကြောင့် တောင်သူလယ်သမားနဲ့ အလုပ်သမားတွေအတွက် ဘဝအာမခံချက်ရှိအောင် လုပ်ပေးလိုက်တာနဲ့ တစ်ပြိုင်တည်း အခုရည်မှန်းချက်တွေ ပြည့်မီသွားမှာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၂)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး မွန်းတည့်(၁၂)နာရီတွင် ရပ်နားလိုက်ကာ အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို နိုဝင်ဘာ(၁၄)ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# တိုက်နယ်ဆရာဝန်မွမ်းမံသင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို အခြေပြုပြီး ရောဂါကြိုတင်ကာကွယ်တားဆီးရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာရေးပြန်လည်ထူထောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၏ ကျွမ်းကျင်မှုအရည်အသွေး၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးများ အစဉ်တိုးတက်မြင့်မားနေရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပသော တိုက်နယ် ဆရာဝန်မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၁၃)ဆင်းပွဲ အခမ်းအနားတွင် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ ဌာန၏လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ခေါင်းဆောင်တာဝန်ယူလျက်ရှိသည့် တိုက်နယ်ဆရာဝန်များ၏ အရည်အသွေးများမှာ များစွာအရေးပါပြီး ကျေးလက်ဒေသများတွင်ရှိသည့် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်ကို ညွှန်ကြားကြပ်မတ် လက်တွဲခေါ်နေရသလို အထက်မှဆင့်ကဲညွှန်ကြားချက်များကိုလည်း အကောင်အထည်ဖော်အစီရင်ခံနေရသူများဖြစ်ကြောင်း၊ အောက်ခြေပြည်သူနှင့် ထိတွေ့မှုများပြီး ပြည်သူအပေါ် လွှမ်းမိုးမှုရှိသည့်အတွက် တိုက်နယ်ဆရာဝန်များ၏ စွမ်းဆောင်ရည်ပြည့်ဝ စံချိန်မီမှုသည် ကျန်းမာရေးဝန်ကြီးဌာနအတွက်သာမက နိုင်ငံတော်တစ်ခုလုံးအတွက် များစွာအရေးပါကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းမှ ရရှိခဲ့သော ကျန်းမာရေးဆိုင်ရာ မူဝါဒများ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာများနှင့် လူမှုဆက်ဆံရေးအသိအမြင်များကို ပေါင်းစပ်ပြီး မိမိတို့လုပ်ငန်းများကို ပိုမိုချောမွေ့အောင် ပေါင်းစပ်ညှိနှိုင်းသွားရန်လိုအပ်ကြောင်း၊ ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသိပညာ၊ ကျွမ်းကျင်မှုများ လိုအပ်သည်မှာ မှန်သော်လည်း စိတ်ကောင်းစေတနာထား၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး သင်တန်းတွင်ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုချီးမြှင့်ပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကင်မွန်းစခန်းတောင်တက်ကားဝင်းတွင် စာပေရေချမ်းစင်ထားရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ မော်တော်ယာဉ်ဖြင့် တက်ရောက်မည့် ဘုရားဖူးများအတွက် စာပေရေချမ်းစင်တစ်ခုကို ကင်မွန်းစခန်းရှိကားဝင်းတွင် တောင်တက်မော်တော်ယာဉ်အသင်းက စီစဉ်ပေးထားကြောင်း သိရသည်။

တောင်တက်မော်တော်ယာဉ်စီးနင်းရန် စောင့်ဆိုင်းရင်းစာပေဗဟုသုတ တိုးပွားစေရန် စီစဉ်ထားခြင်းဖြစ်ပြီး သတင်းစာ၊ ဂျာနယ်မျိုးစုံနှင့်စာအုပ်စာပေမျိုးစုံတို့ကို ဖတ်ရှုနိုင်ရန်ထားရှိပေးခြင်းလည်းဖြစ်သည်။

**(၆၈၀)**

○ ကျောဖုံးမှ

"သူတို့ယာဉ်တွေက ဟောင်းတယ်သာဆိုတာ ပြောင်လက်ပြီး စက်တွေကလည်း အင်ဂျင်အားတွေက တအားကောင်းတာဗျ။ အင်ဂျင်သုံးလုံးပေါင်းလိုက်ရင် လေယာဉ်အင်ဂျင်နီးပါးရတယ်လို့ ကုမ္ပဏီကလူက ပြောပြတယ်။ ဘာပဲပြောပြော ခေတ်ဟောင်းယာဉ်ဆိုပေမယ့် ကျွန်တော်တို့ရုပ်ရှင်တွေထဲမှာသာ မြင်ဖူးတာ။ အခုတော့ အပြင်မှာ ထိတွေ့ခွင့်မြင်တွေ့ခွင့်ရတာပေါ့ဗျာ"ဟု မုံရွာဒေသခံမော်တော်ယာဉ်မြတ်နိုးသူ ကိုအီးကျူး (ဘုတ်ဆုံမစတီး) က ပြောသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့ရှိ Destination Unlimited Travel and Tour Co., Ltd. နှင့် မြန်မာနိုင်ငံ Essence Myanmar (Inspiration Myanmar) Travel and Tour Co., Ltd. ခရီးသွားကုမ္ပဏီတို့ပူးပေါင်းစီစဉ်မှုဖြင့် ခေတ်ဟောင်းမော်တော်ယာဉ်ကိုးစီးဖြင့် ထွက်ခွာလာရာ မုံရွာမြို့သို့ ခြောက်စီးဖြင့်သာ လာနိုင်ခဲ့သည်။ ယင်းခရီးစဉ်ကို အောက်တိုဘာ ၂၃ ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာလာရာ နိုဝင်ဘာ ၁၈ ရက်အထိ ၂၃ ရက်ကြာ ခရီးစဉ်ဖြစ်ပြီး ရန်ကုန်-တောင်ငူ-နေပြည်တော်-ပင်းတယ-အင်းလေး-ကလော-ပုပ္ပား-ပုဂံ-မန္တလေး -ပြင်ဦးလွင်-မုံရွာ-ပုဂံ-မကွေး-ပြည်-ရန်ကုန်ခရီးစဉ်ဖြစ်ကြောင်း ပုဂံမြို့သို့ ရောက်ရှိနေသော Essence Myanmar ကုမ္ပဏီမှ မခိုင်ဇာနည်ထံမှ သိရသည်။ အဆိုပါခရီးတွင် နိုင်ငံခြားသားဧည့်သည် ၁၈ ဦး၊ အကူ ခြောက်ဦး၊ မြန်မာလူမျိုး ၁၀ ဦးပါဝင်ကြောင်း၊ မုံရွာမြို့သို့ရောက်ရှိစဉ် ဗုဒ္ဓပူဇနိယပွဲတော်ကာလနှင့် တိုက်ဆိုင်နေသော ဖိုဝင်းတောင်ဒေသသို့ လေ့လာခွင့်ကြုံခဲ့ရကြောင်း၊ မြန်မာ့ရှုခင်း၊ မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်များကို မြင်တွေ့ခွင့်ရ၍ ပျော်ရွှင်နေကြကြောင်း၊ ယခုခရီးစဉ်မှာ အခြားနိုင်ငံခြားခရီးသွားများ မရောက်ဖူး၊ မရောက်သေးသည့် ဒေသများကို ကိုယ်တိုင်မောင်းနှင်သည့် အရသာထူးတို့ဖြင့် သွားရ၍ ပိုမိုကျေနပ်နေကြကြောင်း ခရီးစဉ်တွင် ပါဝင်သည့် မခိုင်ဇာနည်ထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးအထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



# ယခုနှစ်၏ ဗစ်တိုးရီးယားဖက်ရှင်ရှိုးပွဲတွင် တေလာဆွတ်ဖ် ပါဝင်ဖျော်ဖြေမည်



နှစ်စဉ်ကျင်းပနေမြဲဖြစ်သည့် ကမ္ဘာကျော်ဒီဇိုင်နာ ဗစ်တိုးရီးယား၏ Victoria's Secret ဖက်ရှင်ရှိုးပွဲကို ယခုလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအခမ်းအနားတွင် နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် တေလာဆွတ်ဖ်နှင့် Fall Out Boy ရော့ခ်ဂီတအဖွဲ့တို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာထားသည်။

ကြီးကျယ်ခမ်းနားစွာကျင်းပမည့် အဆိုပါဖက်ရှင်ပွဲအခမ်းအနားအစီအစဉ်များကို အမေရိကန်ရုပ်သံလိုင်းဖြစ်သည့် စီဘီအက်စ် ရုပ်သံလိုင်းမှ ဒီဇင်ဘာလဆန်းတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် ယင်းဖက်ရှင်ရှိုးပွဲတွင် ဂျက်စတင်ဘီဘာ ပါဝင်ဖျော်ဖြေပေးခဲ့ ပြီး ၎င်း၏ချစ်သူ ဆီလီနာဂိုမက်ဇ်က အဆိုပါဖျော်ဖြေပွဲမှ မော်လ်ဒယ်တစ်ဦးနှင့်အထင်လွဲကာ လမ်းခွဲသည်အထိဖြစ်သွားခဲ့ပြီး အချစ်ဇာတ်လမ်း အဆုံးသတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

*မျိုးစန္ဒာမောင် - စုစည်းရေးသားသည်*

## ဖိလစ်ပိုင်နိုင်ငံရှိ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ဒစ်နေးရုပ်ရှင်ကုမ္ပဏီ ငွေလှူဒါန်း

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကိုဖြတ်သန်းကာ တစ်နာရီလျှင် မိုင် ၁၄၀ မှ ၁၇၀ နှုန်းအထိ အရှိန်ပြင်းထန်စွာ တိုက်ခတ်ခဲ့သည့် မဟာတိုင်ဖွန်းဟိုင်ယန်ကြောင့် နောက်ဆက်တွဲအကျိုးဆက်အဖြစ် ဖိလစ်ပိုင်နိုင်ငံ မုန်တိုင်းဒဏ်သင့်ဒေသများရှိ ထိခိုက်ပျက်စီးခဲ့မှုများ ခံစားခဲ့ရသူဒုက္ခသည်များအတွက် အမေရိကန်နိုင်ငံ ဟောလိဝုဒ်ရှိ ဒစ်နေးရုပ်ရှင်ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ငါးသိန်းကို နိုဝင်ဘာ ၁၂ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဒစ်နေးရုပ်ရှင်ကုမ္ပဏီအနေဖြင့် ကလေးငယ်များစောင့်ရှောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ကြက်ခြေနီအဖွဲ့နှင့် ဘေးဒုက္ခခံစားခဲ့ရသည့်နယ်မြေများရှိ အလုပ်သမားများအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လှူဒါန်းမှုများ ဆက်လက်ပြုလုပ်သွားဦးမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များရင်ဆိုင်ကြုံတွေ့ရသည့် ဒေသများရှိ လူများအတွက် များစွာကိုယ်ချင်းစာမိပါကြောင်းနှင့် ယခုလှူဒါန်းငွေများသည် ယင်းတို့၏လူနေမှုဘဝများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသ ပါဝင်ကူညီပေးနိုင်ရန်မျှော်လင့်မိကြောင်း ဒစ်နေးမှ အမှုဆောင် အရာရှိချုပ်က ပြောကြားခဲ့သည်။

အဆိုပါမုန်တိုင်းသည် ဒေသတွင်းအပြင်းထန်ဆုံးသော တိုင်ဖွန်းမုန်တိုင်းအဖြစ် မှတ်တမ်းတင်ခဲ့ ကြောင်းသိရသည်။

*နည်းပညာ* TIKILA

# ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်လောင်စာသုံး မိုးဘိုင်းအားသွင်းစက်

ယနေ့ကမ္ဘာပေါ်တွင် မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများစွာ နေ့စဉ်အသစ်များ ထွက်ပေါ်နေလေ့ရှိရာ ၎င်းတို့၏ လည်ပတ်မှုစွမ်းအင်အတွက် အဆိုပါပစ္စည်းအများစုတွင် ဘက်ထရီစနစ်ကိုထည့်သွင်းပေးထားတတ်ကြသည်။ ၎င်းဘက်ထရီစနစ်ကို ပြန်လည်အသုံးပြုနိုင်စေရန် လျှပ်စစ်စနစ်၊ ဆိုလာစနစ်နှင့်အခြားစွမ်းအင်စနစ်အချို့အသုံးပြု၍ စွမ်းအင်ပြန်လည်ဖြည့်တင်းပေးရန် လိုအပ်ပါသည်။ ယနေ့တွင် အာဖရိကနိုင်ငံများအတွက် ရည်ရွယ်ပြီးစွမ်းအင်ရရှိမှုလွယ်ကူစေနိုင်မည့် ဟိုက်ဒရိုဂျင်လောင်စာသုံး မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်း အားသွင်းစက်တစ်မျိုးကို နည်းပညာ စာမျက်နှာများတွင် မိတ်ဆက်ပြသမှုကို တွေ့ရသည်။ Intelligent Energy အမည်ရ သဘာဝပတ်ဝန်းကျင်နှင့် စွမ်းအင်စနစ်ဆိုင်ရာလုပ်ငန်းတစ်ခုမှ အဆိုပါနည်းပညာကို စတင်အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလလောက်တွင် ၎င်းအားသွင်းစက်ကိုစတင်အသက်ဝင်ပြီး ဈေးကွက်အတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်ဟု Henri Winand ဆိုသူ အမှုဆောင်အရာရှိက ပြန်ကြားရေးမီဒီယာများသို့ပြောကြားသည်။ သေးငယ်ခြင်း၊ သယ်ဆောင်ရလွယ်ကူခြင်း၊ စွမ်းအင်ရရှိနိုင်မှု လွယ်ကူခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးရရှိနိုင်ခြင်းတို့ကြောင့် အဆိုပါနည်းပညာမှ ဈေးကွက်ထိုးဖောက်မှု အရှိန်ကောင်းရရှိနိုင်မည်ဖြစ်သည်ဟု နည်းပညာရှင်များ၏ မှတ်ချက်များကို မီဒီယာစာမျက်နှာများတွင် တွေ့ရှိရသည်။ မိုဘိုင်းဖုန်းများနှင့် အခြားမိုဘိုင်းအီလက်ထရွန်နစ်စပ်ဆက်ပစ္စည်းများကို အလွယ်တကူချိတ်ဆက်ကာ စွမ်းအင်ပြန်လည် ဖြည့်တင်းနိုင်ပြီး ဟိုက်ဒရိုဂျင်လောင်စာကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးကာ နည်းပညာ အဆင့်မြင့်တင်ထားသောကြောင့် စွမ်းအင်ဖြည့်တင်းမှု အချိန်မြန်ဆန်စေမည်ဟု သိရသည်။



ဟိုက်ဒရိုဂျင်လောင်စာမှာ ကမ္ဘာ့လေထုအတွင်း လွယ်ကူစွာရရှိနိုင်ပြီး အသုံးပြုတတ်သလောက် အကျိုးရှိစေကာ USB Devices ပါဝင်သောမည်သည့်မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းကိုမဆို စွမ်းအင်ပြန်လည်ဖြည့်တင်းနိုင်မည်ဟု သိရသည်။ စွမ်းအင်ထုတ်လွှတ်မှု 5-V, 5-W, 1000mA ရှိပြီး လျှပ်စစ်စွမ်းအင်အလွယ်တကူမရရှိသော နေရာများတွင် လွယ်ကူစွာအသုံးပြုနိုင်မည်ဟု သိရသည်။ အဆိုပါ ဟိုက်ဒရိုဂျင်လောင်စာသုံး အားသွင်းစက်ကို တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၀ သတ်မှတ်ထားပြီး ၂၅ နာရီကြာ စွမ်းအင်ပြန်လည်ဖြည့်တင်းနိုင်မည်ဟုသိရသည်။























# ကမ္ဘာ့ဖလားဥရောပဇုန် Play-off ခြေစစ်ပွဲရင်ခုန်သံ

ရှိုင်းမင်းမင်း

***၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဥရောပဇုန်ခြေစစ်ပွဲ Play-off အဆင့်ပထမအကျော့ကို နိုဝင်ဘာ ၁၆ ရက်နေ့မှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ Play-off အဆင့်ခြေစစ်ပွဲတွေအထဲမှာ ပေါ်တူဂီနဲ့ ဆွီဒင်တို့လိုအသင်းကောင်းနှစ်သင်းဆုံတွေ့နေတဲ့အပြင် ပြင်သစ်၊ ခရိုအေးရှားတို့ကလည်း အဝေးကွင်းပွဲတွေ စကစားရဖို့ရှိနေလို့ အကြိတ်အနယ်ရှိမှာသေချာနေပါတယ်။***

### ပေါ်တူဂီ - ဆွီဒင် နံနက် ၂း၁၅ (၁၆-၁၁-၁၃)

ပေါ်တူဂီဟာ အုပ်စုအဆင့်ခြေစစ်ပွဲမှာ ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ပေမယ့် ခြေစစ်ပွဲအောင်ဖို့ ဒီအိမ်ကွင်းပွဲစဉ်မှာ အများအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ ဒီခြေစစ်ပွဲအတွက်လည်းရော်နယ်ဒို၊ ပီလိုဆို၊ မွန်တင်ဟို၊ ကွန်ထရာအို၊ ပီပီတို့လို ထိပ်တန်းကစားသမားတွေကိုလည်း ရွေးချယ်ထားပါတယ်။ ဒါပေမယ့် အီဗရာဟီမိုဗစ်၊ အဲမန်ဒါတို့လို ကစားသမားတွေကို ရွေးချယ်ထားတဲ့ ဆွီဒင်ကလည်းအသင်းကောင်းတစ်သင်းဖြစ်လို့ ပေါ်တူဂီတို့ လွယ်လွယ်အနိုင်မရနိုင်ပါဘူး။ ပေါ်တူဂီကပ်ပြီးသာနိုင်ခြေရှိပါတယ်။

### ယူကရိန်း - ပြင်သစ် နံနက် ၂း၁၅ (၁၆-၁၁-၁၃)

ပြင်သစ်ဟာ ကမ္ဘာ့ဖလားဝင်ခွင့်ရဖို့ ဒီခြေစစ်ပွဲမှာ အများအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ ဘင်ဇီမာ၊ ရီဘာရီ၊ နာဆရီ၊ ကာဘာရီ၊ ဆစ်ဆိုကို၊ ဂီရောက်ဒ်၊ ရီမီတို့လို ကစားသမားတွေကိုလည်း ရွေးချယ်ထားသလို အစဉ်အလာအရလည်း ယူကရိန်းကိုအသာရလေ့ရှိပါတယ်။ ဒါပေမယ့် ယူကရိန်းကလည်း အုပ်စုအဆင့်ခြေစစ်ပွဲမှာ အင်္ဂလန်ကိုတောင် နှစ်ကျော့စလုံး သရေကစားနိုင်ခဲ့တဲ့ အသင်းဖြစ်လို့ ပြင်သစ်ရှုံးကန်ရနိုင်ပြီး နိုင်မယ်ဆိုရင်တောင် မပြတ်သားနိုင်ပါဘူး။

### ဂရိ - ရိုမေးနီးယား နံနက် ၂း၁၅ (၁၆-၁၁-၁၃)

ဂရိက အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ အုပ်စုအဆင့်ခြေစစ်ပွဲမှာ အုပ်စုပထမနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်သွားတဲ့ ဘောစနီးယားနဲ့တောင် အမှတ်တူရပ်တည်နိုင်ခဲ့ပြီး ဂိုးကွာခြားချက်ကြောင့်သာ အုပ်စုဒုတိယနေရာသာ ရရှိခဲ့တာဖြစ်ပါတယ်။ တိုက်စစ်က အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးရှားပါးပေမယ့် အသင်းလိုက်ကစားအား ကောင်းမွန်မှုရှိခြင်း၊ အိမ်ကွင်းခြေမာကျောခြင်းတို့ကြောင့် ရိုမေးနီးယားကို ထိန်းချုပ်ကစားနိုင်ခြေရှိပါတယ်။ ရိုမေးနီးယား ခြေမဆိုးပေမယ့် ဂရိအနိုမ့်ဆုံးသရေရမှာပါ။

### အိုက်စလန် - ခရိုအေးရှား နံနက် ၂း၁၅ (၁၆-၁၁-၁၃)

အိုက်စလန်ဟာ ဒီခြေစစ်ပွဲအတွင်းမှာ မထင်မှတ်ဘဲ ခြေစွမ်းပြခဲ့တဲ့အသင်းပါ။ ဆီဂတ်ဆန်၊ ဆစ်ပေါ်ဆန်၊ ရွတ်ဂွန်ဆင်၊ ဂန်းနားဆန်တို့လို ကစားသမားကောင်းတွေရှိပြီး အသင်းလိုက်ကစားပုံလည်း တည်ငြိမ်ကောင်းမွန်ပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်လို့ ရလဒ်ကောင်းရအောင် အားစိုက်လာမှာပါ။ ဒါပေမယ့် ခရိုအေးရှားကလည်း မန်ဇူကစ်၊ အိုလစ်၊ မိုဒရစ်၊ ရာကီတစ်၊ ကရန်ဂျာတို့လို ကစားသမားကောင်းတွေကို ရွေးချယ်ထားတာကြောင့် အိုက်စလန်တို့ ခရိုအေးရှားကို လွယ်လွယ်အသာမရနိုင်ပါဘူး။ ခရိုအေးရှားတို့ ဒီပွဲစဉ်မှာ အနိမ့်ဆုံးသရေရမှာပါ။



## သတင်း-စိုင်းညီလေး
## ဓာတ်ပုံ-ရှိုင်းထက်ဇော်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းမှာ နိုဝင်ဘာ ၁၁ ရက်မှစ၍ မန္တလေးမြို့တွင် စခန်းဝင် လေ့ကျင့်နေပြီဖြစ်သည်။ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့တွင် ပြိုင်ပွဲဝင်ရမည်ဖြစ်သောကြောင့် မြန်မာအသင်းမှာ ယခုကဲ့သို့ တစ်လနီးပါးကြိုတင်သွားရောက် လေ့ကျင့်နေခြင်းဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းမှာ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ တောင်ကြီးမြို့တွင် စခန်းဝင်လေ့ကျင့်ခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်နံနက်ပိုင်းတွင် တောင်ကြီးမှ မန္တလေးသို့ သွားရောက်ကာ ယင်းနေ့ ညနေပိုင်းမှာပင် မန္တလေးမြို့တွင် လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ တောင်ကြီးခရီးစဉ်အပြီးတွင် မြန်မာအမျိုးသမီးအသင်းမှာ ပဏာမလက်ရွေးစင်ကစားသမား သုံးဦးကို လျှော့ချခဲ့သည်။ မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းမှာ လက်ရှိတွင် ပဏာမ လက်ရွေးစင်ကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ဆီးဂိမ်းပြိုင်ပွဲကို ကစားသမား ၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာ ဆီးဂိမ်း ရွှေတံဆိပ်ကို ပထမဆုံးအကြိမ် ရယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဦးသန်းတိုးအောင်က အုပ်ချုပ်သူအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။


## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ငှားရမ်းထားပြီး ငှားရမ်းသက်တမ်းပြည့်သော အောက်ပါဟိုတယ်အား လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား နှစ်ရှည်(၁၅)နှစ်ကြာ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်-

တောင်ငူဟိုတယ်၊ အခန်း(၁၈)ခန်း၊ မြေ(၃. ၉၁)ဧက၊ အမှတ်(၂၀)၊ မင်္ဂလာလမ်းနှင့်စက်ရှင်လမ်းထောင့်၊ မိုင်ဒါကွင်းအနီး၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင်(၂၀၀၀ိ/-)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၅ရက်(တနင်္လာနေ့)နံနက် ၁၀း၀၀နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၆ရက်(အင်္ဂါနေ့) ၉း၃၀နာရီမှ ၁၂း၀၀နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။ ထို့နောက် ၎င်းရက်နေ့ ၁၃း၃၀နာရီတွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း ၀၆၇-၄၀၆၁၀၃၊ ၄၀၆၁၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ



## Vacancy Announcement

Assistant Program Officer-
Communications (Yangon based)
Application deadline:
24th November 2013

RECOFTC is currently seeking an appropriate professional to assist our communications program to support community forestry in Myanmar.

**Requirement**

* A Bachelor's degree in development communication, journalism, or related field,with minimum of three years of relevant experience
* Solid experience writing and editing communication materials in English and Burmese, including articles, newsletters, brochures and/ or reports.
* Expertise or proven interest in local natural resources, environmental and/ or social development issues
* Myanmar nationality only

Interested candidates, please submit CV/ resume, cover letter indicating salary requirements and current contact details of three referees, including direct supervisors to HR @recoftc. org (or RECOFTC, Myanmar Timber Enterprise, West Gyogone, insein, Yangon) only Short-listed candidates will be notified. To learn more about RECOFTC, please visit our website www.recoftc.org.



## အများသိစေရန်သတိပေးတားမြစ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၄၆)၊ ၃၅လမ်း၊ ၇၃×၇၄လမ်းကြားနေ ဦးမင်းသိန်း[၉/မရတ(နိုင်)၀၆၉၉၂၉]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။



“သူရိယသိဒ္ဓတ္ထ မန္တလေးမဟာသင်္ကြန်စာ” အမည်နာမသည် ကြေညာသူ၏ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် တီထွင်အသုံးပြုလျက်ရှိသော အမည်နာမဖြစ်ပါသည်။

အထက်ဖော်ပြပါ “သူရိယသိဒ္ဓတ္ထမန္တလေးမဟာသင်္ကြန်စာ” အမှတ်တံဆိပ်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၁၆၁၉/ ၂၀၁၂)ဖြင့် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

သူရိယသိဒ္ဓတ္ထမန္တလေးမဟာသင်္ကြန်စာအား အောက်ခံအရောင်မှာ အဖြူရောင်ဖြစ်ပြီး အလယ်တွင် ရေစာပါနန်းတော်ပုံပါရှိ၍ ရေးသားဖော်ပြသည့် စာသားများနှင့် ရုပ်ပုံများကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

ကျောဘက်တွင် အောက်ခံအဖြူရောင်ရှိပြီး အလယ်တွင်ရေစာပါ နန်းတော်ပုံနှင့် နန်းတော်ပုံ၏ အောက်တွင် နှစ်အလိုက်ပြက္ခဒိန်ဇယားကွက် ပါရှိပါသည်။ ထို “သူရိယသိဒ္ဓတ္ထ မန္တလေး မဟာသင်္ကြန်စာ” ကို မိမိကိုယ်ပိုင်မူဖြင့် တွက်ချက်ပုံနှိပ်ကာ မြန်မာပြည်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမည်အမှတ်အသားနှင့် မန္တလေးမဟာသင်္ကြန်စာ စာသားအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ဆင်တူယိုးမှား၊ ပုံတူ၊ ထင်ယောင် ထင်မှား အတုအပပြုလုပ်ခွင့်မရှိပါကြောင်း သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမပြုပါက ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းသိန်း
[၉/မရတ(နိုင်)၀၆၉၉၂၉]
လွှဲအပ်ညွှန်ကြားသူ

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှကို (တရားလွှတ်တော်ရှေ့နေ)
**B.A,R.L.,Dip in Business Law**
**ADVOCATE &LEGAL CONSULTANT**

အမှတ်(၂၈)၊ ၂၉လမ်း၊ ၇၁×၇၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၅၁၉၄၊ ၀၉-၉၁၀၄၀၇၁၃



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကျန်စစ်သားလမ်းသွယ်၊ မြေကွက်အမှတ်(၁၃၅၇)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်သည် ဒုတိယဗိုလ်မှူးကြီးဝင်းရွှေ[၉/မထလ(နိုင်)၀၉၀၈၀၅]၏ အမည်ပေါက်ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီးဝင်းရွှေထံမှ အပြီးအပိုင်ဝယ်ယူထားသော ဦးမောင်မောင်ဆွေ[၁၂/ဥကတ(နိုင်)၀၆၄၆၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်ပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စီဆိုင်းတောင်**(LL.B,D.B.L,WIPO-DL)**
အထက်တန်းရှေ့နေ(စဉ်-၂၃၄၀၇)
အမှတ်-၈၃၊ အခန်း(၁၂)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၃၀၃၆၃၊ ၀၁-၃၇၇၈၇၉



## အများသိစေရန်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၇၆)နေ ဒေါ်ကျင်ငွေ [၁၂/လသန(နိုင်)၀၀၅၂၀၉]၏ ညွှန်ကြားချက်အရ ကြေညာပါသည်။

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၇၆)ဟုခေါ်တွင်သော အဆောက်အအုံနှင့်တည်ရာမြေတို့ကိုဒေါ်ကျင်ငွေက အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါ အဆောက်အအုံရှိ အိမ်ခန်းများတွင်နေထိုင်သော အိမ်ငှားများသည် ဒေါ်ကျင်ငွေ၏ သဘောတူခွင့်ပြုချက် မရရှိဘဲ အိမ်ခန်းများကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ ချိုးဖောက်သူများရှိပါက ဒေါ်ကျင်ငွေက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ခင်အေးမာ
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၇၁)
အမှတ်-၅၆၃၊ (ပထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်စိုးလင်းသိန်း[၁၂/သလန(နိုင်)၁၃၀၇၀၂]သည်မိဘများ ခွင့်မလွှတ်နိုင်သောကိစ္စကို ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝ ကိုလည်းလုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဒေါ်မြင့်မြင့်ဦး(ခ)မချိုးဘူး [၁၂/သလန(နိုင်)၀၉၅၁၇၇]



# ကလေးမြို့ တံတားဦးတံတားနှင့် ဆေးရုံရှေ့ တံတားမြေထိန်းနံရံ ပြုပြင်ထိန်းသိမ်း

**ကလေး နိုဝင်ဘာ ၁၃**

ကလေးမြို့အတွင်းရှိ ဥပုဒ်ချောင်းသည် မြို့တွင်းတွင် ကွေ့ကောက်စွာ စီးဆင်းသည့် ချောင်းဖြစ်ပြီး မိုးရာသီအချိန်တွင် ချောင်းရေကြီးမှုဖြစ်ပေါ်ပြီး ကမ်းပါးများပြိုခြင်း၊ ချောင်းဖြတ်တံတားများ၏ အုတ်ခုံကမ်းပါးများတိုက်စားခြင်း၊ တံတားများပျက်စီးခြင်း၊ ကမ်းပါးပြိုကျပြီးအနီးအနားရှိအိမ်များ ပျက်စီးခြင်းတို့ကြောင့် ပြည်သူများ ရေဘေးဒုက္ခတွေ့ကြုံရင်ဆိုင်ကြရပါသည်။

ယင်းသို့ ကလေးမြို့မှ ချင်းပြည်နယ်သွားရာ ဗိုလ်ချုပ်လမ်းမပေါ်တွင် တည်ရှိပြီး ဥပုဒ်ချောင်းကို ဖြတ်သွားသည့် တံတားဦးသံကူကွန်ကရစ်တံတားနှင့် ပြည်သူ့ ဆေးရုံရှေ့ရှိ ကလေးမြို့မှ ကလေးဝ-တစ်မူး-မုံရွာ-မန္တလေး-ရန်ကုန်မြို့များသို့သွားရာ မြန်မာ အိန္ဒိယ ချစ်ကြည်ရေးလမ်းမပေါ်တွင် တည်ရှိသော သံကူကွန်ကရစ်တံတားနှစ်စင်းတို့သည် ဥပုဒ်ချောင်းရေကြီး ရေလျှံမှုကြောင့် တံတားအုတ်ခုံနံရံများ ရေတိုက်စားပြီး ပြိုကျပျက်စီးသွားပါသည်။

အဆိုပါ တံတားနှစ်စင်းတို့အား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းကြောင်းဖြောင့်တန်းအောင် ပြုပြင်ခြင်းနှင့် ပြိုကျပျက်စီးသွားသော ချောင်းကမ်းပါးများ ကာကွယ်ရန်မြေတူးမြေကော်စက်ယန္တရားကြီးများဖြင့် ရေလမ်းကြောင်းဖြောင့်တန်းအောင်တူးဖော်ခြင်း၊ ကမ်းပါးပြိုသည့် နေရာများတွင် သဲကျောက်မြေများဖို့ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၁ ရက်က ထပ်မံဆောင်ရွက်လျက်ရှိပါသည်။

ယင်းလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌဦးမောင်ထူး၏ ဦးဆောင်မှုဖြင့် ခရိုင်စီမံခန့်ခွဲမှု ကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်တို့က ကြီးကြပ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများ အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက အနီးကပ်တာဝန်ယူ ကူညီလျက်ရှိကြောင်း သိရသည်

**(ဂျိုးနက်)**

# မိတ္ထီလာခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ မှာကြားမှုဖြင့် Graet Wall ကုမ္ပဏီ၊ စင်ကာပူနိုင်ငံမှ မိတ်ဖက်ကုမ္ပဏီ ဖြစ်သည့် Wilmar အင်တာနေရှင်နယ်လီမိတက်တို့၏ ပံ့ပိုးမှုဖြင့် မိတ္ထီလာခရိုင်အတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက မိတ္ထီလာခရိုင်ဆေးရုံကြီးရှိ ပြင်ပအရေးပေါ်လူနာဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစောဌေး၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံအုပ်ကြီး (မန္တလေး) ဒေါက်တာတင်တင်မိုးနှင့် အလှူရှင် Graet Wall ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေးတို့က အဖွင့်အမှာစကားပြောကြားပြီးအလှူရှင် Graet Wall ကုမ္ပဏီအုပ်ချုပ်ရေးမှူးဒါရိုက်တာဦးတင်မောင်က ပံ့ပိုးလှူဒါန်းခြင်းအကြောင်းအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်သည် စမ်းသပ်ခွဲစိတ်ကုသမှုခံယူမည့်မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသခြင်း ဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးပြီး ဂရုတစိုက်စနစ်တကျ စမ်းသပ်ကုသပေးရန်နှင့် မျက်စိဝေဒနာများလုံးဝ ပျောက်ကင်းသည်အထိ ကုသပေးသွားရန်မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား မှာကြားသည်။ **(အောက်ပုံ)** ယင်းအခမဲ့ မျက်စိစမ်းသပ်ခွဲစိတ် ကုသပေးခြင်းဆောင်ရွက်ရာတွင် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များမှ မျက်စိဝေဒနာရှင် ၅၀၀ ခန့်တို့အား မျက်စိစမ်းသပ်ခွဲစိတ် ကုသမှုတာဝန်ခံဒေါက်တာတင်တင်မိုးနှင့် မျက်စိအထူးကုဆရာဝန် ၂၅ ဦးတို့က အခမဲ့ခွဲစိတ်ကုသပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(ချမ်းသာ-မိတ္ထီလာ)**



## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများ လဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချို့ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

## အစိုးရကြော်ငြာ

### ကျန်းမာရေးဝန်ကြီးဌာန
### တိုင်းရင်းဆေးပညာဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ လုပ်ငန်းသုံးစက်ပစ္စည်း၊ စက်ရုံသုံး (GMP) စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုံးသုံးပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါ၍ သက်ဆိုင်ရာ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းများ စာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းအမှတ်-၀၆၇-၄၃၁၀၉၅/၄၃၁၁၄၆ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်နှင့် စက်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၁၄-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)

၄။ အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်- ၆-၁၂-၂၀၁၃ရက် (သောကြာနေ့)

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

### အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ စီမံကိန်း/လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ဓါတ်အားခွဲရုံနှင့် ဓါတ်အားလိုင်းဆက်စပ်ပစ္စည်းများ၊ ရေစုပ်ပန့်ဆက်စပ်ပစ္စည်းများအား သက်ဆိုင်ရာသတ်မှတ်နေရာဒေသအရောက် မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ရန်ကုန်မြို့ ဆိပ်ကမ်းများမှ | ပင်မသိုလှောင်ရုံ (ရွာသာကြီး)သို့ | ကွန်တိန်နာယာဉ်များ ဖြင့်သယ်ယူရန် |
| (ခ) | ပင်မသိုလှောင်ရုံ (ရွာသာကြီး)မှ | သက်ဆိုင်ရာသတ်မှတ် နေရာဒေသများသို့ | မော်တော်ယာဉ်များ ဖြင့်သယ်ယူရန် |
| ပိတ်ရက်နှင့်အချိန် | - | ၂၅-၁၁-၂၀၁၃ | (၁၄:၀၀)နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)**
**ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်ဦးအောင်လင်း၏ စက်ခန်းအုပ်လက်မှတ်အမှတ်-ဆမဒ-၄၈/၉၆(၂၁-၁-၉၆)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း- ၀၉၄၃၁၃၄၀၉၆**

### မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
### ပထမနှစ် ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (Myanmar Maritime University) ၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အတွက် အောက်ပါ ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်းများကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ရက်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်။
(က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ
(Post Graduate Diploma in Shipping Management)
(ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ
(Post Graduate Diploma in Port Management)

၂။ သင်တန်းကာလမှာ အချိန်ပိုင်း(၂)နှစ်ဖြစ်ပြီး သင်တန်းများကို အောက်ပါအတိုင်းပို့ချမည်ဖြစ်ပါသည်-
(က) သင်တန်းချိန်- တစ်ပတ်လျှင် (၅)ရက် (တနင်္လာနေ့မှ သောကြာနေ့အထိ)
နံနက် ၇:၀၀ နာရီမှ နံနက် ၉:၀၀ နာရီထိ
(ခ) သင်တန်းပို့ချမည့်နေရာ- Logistics Training Centre အမှတ် (၃၅/၈၇)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။

၃။ **သင်တန်းဝင်ခွင့်အတွက် လိုအပ်ချက်များမှာ**
(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(ခ) လုပ်ငန်းခွင်နှင့် ဆက်စပ်မှု ရှိသူများကို ဦးစားပေးစဉ်းစားမည်။

၄။ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လက်ခံသင်ကြားမည့် သင်တန်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
Diploma in Shipping Management - ၅၀ ဦး
Diploma in Port Management - ၅၀ ဦး

၆။ သင်တန်း(၂)ခုစလုံးအတွက် ကျောင်းလခမှာ တစ်လလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) ဖြစ်ပြီး သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါဒီပလိုမာဘွဲ့များ ပေးအပ်မည်ဖြစ်ပါသည်။
က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာ Dip.S.M
(ခ) ဆိပ်ကမ်းလုပ်ငန်း စီမံခန့်ခွဲမှုဒီပလိုမာ Dip.P.M

၇။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်မှ နိုဝင်ဘာလ (၂၈) ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စပို့အရွယ်ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ အမျိုးသားမှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄၄/၁၁၄)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းဝင်းအတွင်း အကျယ်ပေ(၂၀)၊ အရှည်ပေ(၂၀၀)ရှိ ကတ္တရာလမ်းသစ်ဖောက်လုပ်ခြင်း။ |
| ၂။ | တင်ဒါပုံစံများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ(Technical and Requirement Proposal)ကို ၂၉-၁၁-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၂၀၂၉၀၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ |
| ၃။ | ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန်ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ဖခင်အမည်မှန်

အထက(၂)၊ မ/ဥက္ကလာ(တက္ကသိုလ်ဝင်တန်းအောင်) မခိုင်ငြိမ်းဆုသာ(ခ) မမြသဇင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် [၁၂/ဥကမ(နိုင်)၁၁၄၆၆၁] ဖြစ်ပါကြောင်း။





## ရောင်းသူပေါပြီး ဝယ်သူရှားပါးနေသည့်မန္တလေးကျောက်ဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေးကျောက်ဈေးကွက်တွင် အဓိကဝယ်လက်ဖြစ်သည့် တရုတ်ကုန်သည်များ လာရောက်ဝယ်ယူမှု နည်းပါးခြင်းကြောင့် ဈေးကွက်တွင်း အရောင်းအဝယ်အေးစက်လျက်ရှိကြောင်း မဟာအောင်မြေကျောက်ဝိုင်းမှ သိရသည်။

"တရုတ်ကုန်သည်တွေက သူတို့နိုင်ငံမှာ ဒီလုပ်ငန်းကိုအခွန်တိုးကောက်တဲ့အတွက် မန္တလေးကို ဆင်းမဝယ်ကြတော့ဘူးလို့ သိရတယ်။ သူတို့အဝယ်နည်းသွားတဲ့အတွက် မန္တလေးဈေးကွက်မှာလည်း ရောင်းတဲ့သူတွေပဲ ရှိပြီးတော့ ဝယ်သူရှားပါးလာတယ်"ဟု ကျောက်ဝယ်ရောင်းလုပ်ကိုင်သူ ကိုကျော်သီဟက ပြောသည်။

ထို့ပြင် ပုံမှန်အရောင်းအဝယ်သွက်နေသည့် အသားကျောက်၊ အရည်ကျောက်များနှင့် လွှာချပ်များမှာလည်း ဈေးကောင်းမရတော့ဘဲ အပွင့်လိုင်းတစ်မျိုးတည်းသာ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းကဆိုသည်။

ဈေးကွက်သို့ ဖားကန့်မှ ကျောက်များ ရောက်ရှိမှုနည်းပါးခြင်းနှင့် ကျောက်ကောင်းရှားပါးခြင်းများရှိနေကြောင်း၊ ထို့ပြင် ရောက်ရှိလာသော အရည်အသွေးကောင်းမွန်သည့် ကျောက်များကိုလည်း တရုတ်ကုန်သည်များက ဈေးအဆမတန် နှိမ်၍ ဝယ်ယူနေခြင်းတို့ကြောင့် အရောင်းအဝယ်မဖြစ်တော့ကြောင်း ကျောက်ပွဲစားတစ်ဦးဖြစ်သူ ကိုလှမြင့်သိန်းက ပြောသည်။

"ကျောက်ကောင်း ရှားပါးနေတဲ့ အချိန်မှာ ဈေးနှိမ်ပြီးဝယ်တဲ့အတွက် အရောင်းအဝယ်မဖြစ်ဘူး။ ဝယ်ရောင်းသမားတွေသာမက ဒီလုပ်ငန်းကိုမှီခိုပြီးရပ်တည်နေတဲ့သူတွေ အကုန်လုံးစိတ်ပျက်နေကြပြီ"ဟု ၎င်းကဆိုသည်။

ပြည်တွင်းမှ ထွက်ရှိသော ကျောက်များ ကိုအများဆုံးဝယ်ယူနေသည့် တရုတ်နိုင်ငံမှ ကျောက်ကုန်သည်များ၏ အခွန်နှုန်းထားများကို ပြန်လည်လျှော့ချပေးမည်ဆိုပါက ကျောက်ဈေးကွက်လည်း ပုံမှန်ကောင်းမွန်လာနိုင်ကြောင်း ကိုကျော်သီဟက အကြံပြုသုံးသပ်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဂျာလင်းဆိုင်ကယ်များ အရစ်ကျစနစ်ဖြင့် ဝယ်ယူစီးနင်းနိုင်

**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေးမြို့တွင် ဆိုင်ကယ်ကုမ္ပဏီများအပြိုင်အဆိုင် လာရောက်ဖွင့်လှစ်ကြပြီး ရောင်းအားမြှင့်တင်ရေး ဈေးပွဲတော်များတွင် အထူးနှုန်းဖြင့် ရောင်းချခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ဘဏ်များနှင့်ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့်ရောင်းချပေးလျက်ရှိရာ ဝန်ထမ်းများ၊တက္ကသိုလ်ကောလိပ်များသို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ဝယ်ယူမှုများပြားလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းသို့တင်သွင်းသည့် ဆိုင်ကယ်များတွင်သုံးစွဲသူအများနှစ်သက်သည့် JIALING (ဂျာလင်း)ဆိုင်ကယ်များကို ခိုင်ထက်သာကုမ္ပဏီက တစ်ဦးတည်း တင်သွင်းကာ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ဘဏ်နှင့် ချိတ်ဆက်၍ ဆိုင်ကယ်တန်ဖိုး၏ ၃၀ရာခိုင်နှုန်း ပေးသွင်း၍ ကျန်ငွေအား ၁၂လအရစ်ကျပေးသွင်းကာ ရောင်းချလျက်ရှိသည်။

ဝယ်ယူလိုသူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်း မူရင်း၊ မိတ္တူ သုံးစောင်၊ မှတ်ပုံတင်မူရင်းမိတ္တူ သုံးစောင်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်းမိတ္တူ သုံးစောင်၊ ဓာတ်ပုံ လေးပုံ၊ အာမခံပေးမည့်သူဓာတ်ပုံ တစ်ပုံ၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားမူရင်းမိတ္တူတင်ပြ၍ ဂျာလင်းအမျိုးအစားဆိုင်ကယ်မျိုးစုံအား အရစ်ကျဝယ်ယူနိုင်သည်။ ဝယ်ယူလိုသူများသည် ခိုင်ထက်သာ ကုမ္ပဏီ ၃၇ လမ်းနှင့် ၃၈လမ်း၊ ၈၄လမ်း မန္တလေး ဖုန်း-၀၂-၃၄၂၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သီဟကိုကို-မန္တလေး)**



ဒလမြို့နယ်သန့်ရှင်းစေရေးအတွက် ဒလ-တွံတေးကားလမ်းမကြီးအား အမှိုက်များရှင်းလင်းစေရန် ဒလမြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက အမှိုက်လှည်း၊ အမှိုက်သိမ်းခြင်းများကို အစု/အဖွဲ့များခွဲ၍ ဆောင်ရွက်လျက်ရှိရာ ဒလမြို့တွင်း တစ်နေရာတွင် သန့်ရှင်းရေးဝန်ထမ်းများက ဤသို့ဆောင်ရွက်လျက်ရှိသည်ကို နိုဝင်ဘာ ၉ ရက်က တွေ့ရစဉ်။ **(ဝ၄၁)**

## ရေတာရှည်မြို့နယ်၌ မိုးစပါး လေးသိန်းကျော်ဖြင့် အဝယ်လိုက်

**ရေတာရှည် နိုဝင်ဘာ ၁၃**

ဈေးကောင်းရရှိရန် မျှော်လင့်နေသော တောင်သူများ မိုးစပါးတင်း ၁၀၀လျှင် ကျပ်လေးသိန်းနှစ်သောင်းဖြင့် ရောင်းချရ၍ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

အချိန်အခါမဟုတ်သော မိုးရွာသွန်းမှုကြောင့် နေရာဒေသအချို့တွင် ရေနစ်မြုပ်ပျက်စီးမှုများရှိသော်လည်း စပါးထွက်နှုန်းကောင်းမွန်သည့် ရေတာရှည်မြို့နယ် နေရာဒေသအနှံ့အပြားတွင် သက်ရင့်၊ သက်လတ်စပါးများ ရိတ်သိမ်းလျက်ရှိပြီး ပျမ်းမျှ တစ်ဧကလျှင် တင်း ၈၀ နှုန်းအထိ ထွက်ရှိသည်။ တောင်သူများ စပါးပေါ်ချိန်တွင် စပါးအရောင်း အဝယ်လုပ်ကိုင်သူများက အပြိုင်အဆိုင်ဝယ်ယူလျက်ရှိရာ ယခုပေါ်သည့် ထိုင်းကောက် စပါးတင်း ၁၀၀လျှင် ကျပ်လေးသိန်းနှစ်သောင်းပေး၍ ဝယ်ယူလျက်ရှိသည်။

စပါးအဝယ် လိုက်ခြင်းကြောင့် ဆက်လက် ရိတ်သိမ်းမည့် သုခအုပ်စု စပါးများ၊ ဆင်းသွယ်လတ်စပါးများ ရိတ်သိမ်းချိန်တွင် ဈေးကောင်းဖွယ်ရှိ၍ တောင်သူများအတွက် တွက် ခြေကိုက်လျက်ရှိကြောင်း သိရသည်။ **(၅၇၈)**



## ဆီးဂိမ်းကို ဂုဏ်ပြုသောအားဖြင့် (၄၅) ကြိမ်မြောက်သွေးလှူဒါန်း

(၂၇)ကြိမ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးခင်မောင်လေး ဦးစီးမှူး(တတိယတန်း) စီမံ ယခင်ပြေးခုန်ပစ်အားကစားသမားသည် မင်္ဂလာဒုံ တပ်မတော်(သားဖွားမီးယပ်နှင့်ကလေးဆေးရုံကြီး)တွင် ၄၅ ကြိမ်မြောက် ဂုဏ်ပြုသွေးလှူဒါန်းကြောင်း သိရှိရသည်။

**(ကြေးမုံ)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၂/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-095(2013-2014) | Skid Mounted Water Transfer Pump With Motor Driven | (2) Units | US$ |
| (၂) | IFB-096(2013-2014) | 2900 Series Well Head Equipment &Accessories | (4) Sets | US$ |
| (၃) | IFB-097(2013-2014) | 1500 Series Well Head Equipment & Accessories | (6) Sets | US$ |
| (၄) | IFB-098(2013-2014) | 900 Series Well Head Equipment & Accessories | (12)Sets | US$ |
| (၅) | IFB-099(2013-2014) | 228D-246-86 Type Pumping Unit | (1)Set | US$ |
| (၆) | IFB-100(2013-2014) | 160D-173-74 Type Pumping Units | (5)Sets | US$ |
| (၇) | IFB-101(2013-2014) | 114D-119-48 Type Pumping Units | (6)Sets | US$ |
| (၈) | IFB-102(2013-2014) | 80D-133-54 Type Pumping Units | (5)Sets | US$ |
| (၉) | IFB-103(2013-2014) | 40D-76-48 Type Pumping Units | (8)Sets | US$ |
| (၁၀) | IFB-104(2013-2014) | 2 7/8" & 2 3/8" EUE Tubing | (2)Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ရန်ကုန်မြို့နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့နား၊နှာခေါင်း၊ လည်ချောင်း၊ အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန်
လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက် - ၈-၁၁-၂၀၁၃ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါ နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး**
**ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၇၂၀၉၊ ၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈**




## ရောင်းမည်

၁။ ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင် (၀. ၃၆) ဧက (ရွှေအုန်းပင်ထမင်းဆိုင်အနီး) — သိန်း ၁၂၀၀၀
၂။ ရန်ကင်း(၃)လမ်း၊ လှည်းကူးမြို့နယ်၊ ပေ(၈၀×၈၀)ထောင့်ကွက် (ရန်ကုန်-ပဲခူးလမ်းအပေါ်မေးတင်) အာဆီယံဟိုင်းဝေး-၁ — သိန်း ၄၅၀၀
၃။ ညောင်နှစ်ပင်မွေးမြူရေးဇုန် (၁၀)ဧက — သိန်း ၂၅၀၀
၄။ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၅)ဧက — သိန်း ၁၁၀၀
၅။ သာယာကုန်း (ကျွန်းကလေးကျေးရွာ(၁)ဧက (ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင်) — သိန်း ၆၅၀၀

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၄၅၀၀၁၁၁၁၁၊ ၀၉-၈၆၃၀၈၈၈၊ ၀၉-၅၁၂၂၇၆၆**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ မြေကွက်အမှတ် ၉၀၁/က၊မြေကွက်တည်နေရာ အမှတ်(၉၀၁/က)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊တောင်ဥက္ကလာပ (ဦးနီ)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအားအမည်ပေါက် ဦးနီကွယ်လွန်သဖြင့် ဒေါ်စန်းမြင့် [၁၂/ဥကတ(နိုင်)၀၄၉၆၉၈]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၏ ၅-၃-၂၀၁၂ရက်စွဲပါ၊ ကျွန်မဒေါ်ခင်မာချို [၁၂/သကတ(နိုင်)၀၅၆၇၄၅]မှ ဦးမြင့်ထွေး [၁၂/လသန(နိုင်)၀၁၄၉၁၆]သို့ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်းကြေညာအပ်ပါသည်။

**ကြေညာသူ - ဒေါ်ခင်မာချို**
**အမှတ်-၁၅၀၄/က၊ သလ္လာဝတီ(၁)လမ်း၊ ၁၄ရပ်ကွက်၊ သာကေတမြို့နယ်။**

# ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်များ

**မိုးအိမ်ရှင်**

ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါအားလုံးသည် သဘာဝပတ်ဝန်းကျင်ကို မှီခိုအားထားနေကြရသည်။ ပတ်ဝန်းကျင်ဟု ဆိုရာတွင် ရေ၊ မြေ၊ လေ၊ ရာသီဥတုအပေါ်တွင် အဓိကအမှီသဟဲပြုနေကြရသည်။ ယနေ့ကမ္ဘာကြီးသည်လည်း လူသားတို့ ရှင်သန်ရပ်တည်ရေးအတွက် ရေထု၊ မြေထု၊ လေတို့နှင့်အတူ သူ့သဘာဝနှင့်သူ ညီညွတ်မျှတစွာလည်ပတ်ပေးနေသည့် ရဟတ်ကြီးသဖွယ်ပင်ဖြစ်ပါသည်။ လူတို့၏ မထိမ့်မြင် ပြုမူလုပ်ဆောင်မှုများကြောင့်သာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာပြီး ရာသီဥတုများ ဖောက်လွဲဖောက်ပြန်ဖြစ်ကာ သဘာဝဘေးဒဏ်များကို ခါးစည်းခံစားလာကြရခြင်းဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုဖြစ်စဉ်များကို ကြည့်ပါက တဖြည်းဖြည်း ပျက်စီးယိုယွင်းလာနေပြီဖြစ်သည်။ ယနေ့တွင် ကမ္ဘာကြီးပူနွေးလာရခြင်း၏ အဓိကအကြောင်းရင်းများမှာ သဘာဝအလျောက်နှင့် လူတို့၏ ပြုမူလုပ်ဆောင်မှုများကြောင့်ဖြစ်သည်။ သစ်တောများကို အလွန်အကျွံခုတ်ထွင်လာခြင်း၊ စွမ်းအင်များကို အလွန်အကျွံသုံးစွဲလာခြင်း၊ စက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာခြင်း၊ ရုပ်ကြွင်းလောင်စာများကို ပိုမိုသုံးစွဲလာကြခြင်း စသည့် လူတို့၏ ပြုမူလုပ်ဆောင်ချက်များနှင့် အိုဇုန်းလွှာပေါက်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ပိုမိုမြင့်မားလာခြင်းတို့ကြောင့် ကမ္ဘာကြီး ပူနွေးလာရခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပူနွေးလာခြင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် အပူအအေးလွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်များ လှုပ်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် တောမီးလောင်ခြင်းများ စသည့် ရာသီဥတုပြောင်းလဲမှုဒဏ်များကို သက်ရှိသတ္တဝါမှန်သမျှ ဆိုးရွားစွာ ခံစားကြရသည်။ မြန်မာနိုင်ငံ၏ သဘာဝဘေးဒဏ်ခံစားရမှုများကို ကြည့်မည်ဆိုလျှင် ၂၀၁၁ ခုနှစ် မတ် ၂၄ ရက်တွင် တာလေငလျင်၊ အောက်တိုဘာလ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် ရွှေဘိုမြို့မြောက်ဘက် ၄၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်(ချ်)စတာစကေး ၆ ဒသမ ၈ အဆင့်ရှိ သပိတ်ကျင်းငလျင်ကြီး လှုပ်ခတ်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ လူနေအဆောက်အအုံများနှင့် ဘုရားကျောင်းကန်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် ယခုနှစ် မိုးတွင်းကာလများတွင်လည်း နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မြန်မာနိုင်ငံတစ်ဝန်း သဘာဝဘေးဒဏ် ဖြစ်ပေါ်ခံစားကြရသည့် အကြောင်းရင်းအကျိုးဆက်ကို ပြန်ကြည့်မည်ဆိုလျှင် 'ဥတုရာသီ တောကိုမှီ၏'ဟူသည့် ရှေးပညာရှိကြီးများ၏ ဆိုရိုးစကားကို မျက်ကွယ်ပြုကာ ပြုမူနေထိုင်ခြင်းကြောင့်ဟုဆိုလျှင် မှားမည်မထင်ပါ။ ဥတုရာသီ၏ အဓိက မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုကို ကြည့်မည်ဆိုလျှင် ၁၉၇၅ ခုနှစ်က နိုင်ငံဧရိယာ၏ ၆၁ ရာခိုင်နှုန်း၊ ၁၉၈၉ ခုနှစ်တွင် ၅၉ ရာခိုင်နှုန်း၊ ၁၉၉၈ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၄၇ ရာခိုင်နှုန်းနှင့် ၂၀၁၃ ခုနှစ်တွင် ၂၄ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်း သိရှိရပါသည်။ ယင်းကဲ့သို့ သစ်တောဖုံးလွှမ်းမှုဧရိယာများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာလေလေ သဘာဝဘေးဒဏ်များကို တိုး၍စိန်ခေါ်သကဲ့သို့ ဖြစ်လေလေ ဖြစ်သည်။

သစ်တောသစ်ပင်များ လျော့နည်းလာရခြင်း၏ အဓိကလက်သည်တရားခံများကို အဖြေရှာကြည့်လျှင် ကျေးလက်တောင်သူများမှာ ၎င်းတို့၏ စားဝတ်နေရေးအတွက် တောင်ယာများခုတ်ထွင်ရှင်းလင်းခြင်း၊ ဝမ်းစာအတွက် ထင်း၊ မီးသွေးလောင်စာများ ပြုလုပ်ခြင်းနှင့် ဝိသမလောဘသမားများ၏ သစ်များကို တရားမဝင် တစ်ဖက်နိုင်ငံများသို့ တင်ပို့ရောင်းချခြင်းများကြောင့် ဖြစ်ပေလိမ့်မည်။ ယခုအခါ လွတ်လပ်မှုကို အခွင့်ကောင်းယူ၍ မြန်မာ့သစ်များကို ပြည်ပသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ခိုးထုတ်နေမှုများကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်များတွင် ဖတ်ရှုနေရသည်။ ထိုကဲ့သို့ တရားမဝင်သစ်များ ခိုးထုတ်နေမှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ လူမှုဝန်းကျင်အဖွဲ့အစည်းများကပါ တားဆီးကာကွယ်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမှအစပြု၍ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကိုလည်း ပြည်သူအားလုံး သိရှိနိုင်စေရန် အသိပညာပေးလုပ်ငန်းသည်လည်း အဓိကစွမ်းအားတစ်ရပ်ပင်ဖြစ်ရာ ဗဟုသုတ မကြွယ်ဝသေးသည့် ကျေးလက်တောရွာများအထိ ပညာပေးဆွေးနွေးဟောပြောပွဲများကို အလေးပေးလုပ်ဆောင်သင့်ပေသည်။

